
# ဒေါက်တာစိန်ဝင်း (၁၉၄၃-၂၀၂၆) အတွက် မိုးမခ၏ အမှတ်တရစုစည်းမှု

https://www.facebook.com/watch/?v=2692664767701362

ဖေဖော်ဝါရီ ၂၂ က ထုတ်ပြန်လိုက်တဲ့ CRPH နိုင်ငံတကာကိုယ်စားလှယ်များ နဲ့ ပတ်သက်ပြီး ယခင် ၁၉၉၀ ရွေးကောက်ပွဲအခြေပြု စင်ပြိုင်အစိုးရဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သူ ဒေါက်တာစိန်ဝင်းကို ယခင်နဲ့ ယခု နှိုင်းယှဉ်မေးမြန်းထားပါတယ်။ (ဖေ ၂၄၊ ၂၀၂၁၊ မိုးမခ)

https://www.facebook.com/watch/?v=717818402210008

စစ်တပ်က အာဏာသိမ်းပြီး မြန်မာပြည်တွင်းမှာ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေ မြင့်မားလာတာနဲ့အတူ စစ်တပ်ဘက်က အကြမ်းဘက် နှိမ်နင်းလိုမှုတွေ ပြသလာနေတာနဲ့ ပတ်သက်ပြီး ဒေါက်တာစိန်ဝင်း၏အမြင်ကို မေးမြန်းထားပါတယ်။ အောက် အသံဖိုင်ကို နှိပ်ပြီး နားဆင်းပါ။ ဒါကိုလည်း နှိပ်လို့ ရပါတယ်။ (ဖေဖော်ဝါရီ ၉၊ ၂၀၂၁)


၁၀.၁၀.၂၀၂၀
နံနက် ၁၀နာရီ

မျှော်လင့်ချက်တွေ၊ ရှင်သန်အောင်
[illegible] နှင့် [illegible]ကို၊ [illegible]
နှစ်သုံးဆယ် မှ ရတဲ့ ဆုလဒ်
ပြည်သူ့အတွက်၊ ခဲတာများကို
NLD သို့
ယုံကြည်စိတ်ချစွာ၊ အပ်နှင်းပါတယ်။

စိန်ဝင်း

ဒေါက်တာစိန်ဝင်း

(၊ အမျိုးသား ညွန့်ပေါင်းအစိုးရ (၁၉၉၀-၂၀၁၂)
(NCGUB))

# ကိုဗစ်ကြားမှ ကဝိအို၏ မဲတပြား

**(မိုးမခ) နိုဝင်ဘာ ၂၊ ၂၀၂၀**



ဒေါက်တာစိန်ဝင်းသည် ၎င်း၏ အနှစ်၃၀အတွင်း ပထမဆုံးအဖြစ် ပြည်ပရောက်ကြိုတင်မဲကို မြန်မာပြည်ပါတီစုံရွေးကောက်ပွဲအတွက် ထည့်ခွင့်ရခဲ့သည်။ လွန်ခဲ့သည့် နှစ်များက ၎င်း၏ မြန်မာပြည်ဒီမိုကရေစီရေး နိုင်ငံရေးရပ်တည်ချက်များကြောင့် မြန်မာနိုင်ငံသားအဖြစ်မှ ရုတ်သိမ်းခြင်းခံထားခဲ့ရပြီး ၂၀၁၉ ခုနှစ်ကျမှသာ နိုင်ငံသားအဖြစ် ပြန်လည်အသိအမှတ်ပြုခံခဲ့ရသည်။




အောက်တိုဘာ ၁၀၊ ၂၀၂၀ - နံနက် ၁၀နာရီ (တိုကင်နံပတ် ၄၆)
မျော်လင့်ချက်တွေ ရှင်သန်အောင်

ဇရာနဲ့ ကိုဗစ်ကို ငါမမှုနိုင်
နှစ် ၃၀ မှ ရတဲ့ ဆုလဒ်
ပြည်သူ့အတွက် မဲတပြားကို
*NLD* သို့
ယုံကြည်စိတ်ချစွာ အပ်နှင်းပါ၏။

စိန်ဝင်း *(ဒေါက်တာစိန်ဝင်း)*
အမျိုးသားညွန့်ပေါင်းအစိုးရ *(၁၉၉၀-၂၀၁၂)*
*NUGCB*






မြန်မာပြည်ပြန်ရောက်လာပြီဖြစ်တဲ့ ဒေါက်တာစိန်ဝင်းနဲ့ မိသားစု၊ (ဩဂုတ် ၉၊ ၂၀၁၉) (မိုးမခ)

# ဒေါက်တာစိန်ဝင်း (NCGUB ဝန်ကြီးချုပ်) - ကျည်ပွေ့အတက်ပေါက်ပြီ

### (မိုးမခအင်တာဗျူး) ဩဂုတ် ၁၀၊ ၂၀၁၉

လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့ (ဩဂုတ် ၇၊ ၂၀၁၉) နေ့မှာ ကြားသိရတာကတော့ ဒေါက်တာစိန်ဝင်းနဲ့ မိသားစု၊ မိတ်ဆွေများ အချိန်ကာလကြာမြင့်စွာ တောင်းဆိုလျောက်ထားခဲ့ကြတဲ့ မြန်မာနိုင်ငံသားအဖြစ်နဲ့ မြန်မာပြည်ကို လွတ်လပ်စွာ ပြန်သွားရောက်နိုင်ဖို့ အချိန်ကို ရောက်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ဆရာရဲ့ အဆိုကတော့ ကျည်ပွေ့အတက်ပေါက်ပြီလို့ ဖြစ်ပါတယ်။

၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးမှာ နိုင်ငံသားတဦးအနေနဲ့ တာဝန်ကျေစွာ ဒီမိုကရေစီအရေးအတွက် ဆောင်ရွက်လှုပ်ရှားခဲ့ကြပြီး တိုင်းပြည်ပြင်ပကို ရောက်ရှိခဲ့ကြပြီးနောက် ပြည်ဝင်ခွင့်တွေ ပိတ်ခံရ၊ ဘလက်လစ်ထဲ ထည့်ပြီး တားမြစ်ခံရ၊ ထို့အပြင် မြန်မာနိုင်ငံသားအဖြစ်ကနေ ပယ်ဖျက်ခံရတဲ့အထိ ယခင်စစ်အစိုးရအဆက်ဆက်လက်ထက်မှာ ရင်ဆိုင်ဖြတ်သန်းခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ် မြန်မာပြည်အထွေထွေရွေးကောက်ပွဲကနေ အင်န်အယ်ဒီဦးဆောင်တဲ့ ဒီမိုကရေစီခေတ်ပြောင်း အစိုးရနဲ့ လွှတ်တော်လက်ထက်မှာ အဆိုပါ မြန်မာနိုင်ငံသားဟောင်းတွေက ပြည်တော်ပြန်နိုင်ဖို့

တစိုက်မတ်မတ် တောင်းဆို ကြိုးစားခဲ့ကြသော်လည်း အခက်အခဲမျိုးစုံကို ရင်ဆိုင်ခဲ့ကြရပါတယ်။

အခြားမည်သည့်နိုင်ငံသားမှ မခံယူထားတဲ့ မြန်မာနိုင်ငံသားဟောင်းများ ဒေါက်တာစိန်ဝင်းနဲ့ မိသားစု၊ မိတ်ဆွေများအပါအဝင်ဟာ ပြည်တော်ပြန်ဖို့ လျှောက်ထားရာမှာ မြန်မာသံရုံးကနေ ကန့်သတ်တဲ့ ခံဝန်ချက်တွေ လက်မှတ်ထိုးရန်၊ လွတ်လပ်စွာ ပြန်လည်ဝင်ရောက် နေထိုင်ခွင့်ကို ကန့်သတ်ခြင်း၊ လက်ရှိနေထိုင်တဲ့နိုင်ငံက ထုတ်ပေးထားတဲ့ တရားဝင်နေထိုင်ခွင့်လက်မှတ်ကို ပြန်အပ်ဖို့ စတဲ့ အတားအဆီးတွေ တွေ့ခဲ့ကြပါတယ်။ ဒါတွေကို လက်သင့်မခံပဲ လွတ်လပ်သော မြန်မာနိုင်ငံသားအဖြစ်နဲ့ ပြန်လည်လက်ခံဖို့ သူတို့တွေက ရပ်တည်တောင်းဆိုခဲ့ကြတာ ၃ နှစ်ကျော်ကာလမှာတော့ဖြင့် အကောင်အထည်ပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။ သူတို့ကို မြန်မာသံရုံးကနေ မြန်မာနိုင်ငံသားအသိအမှတ်ပြုလက်မှတ် ထုတ်ပေးလိုက်ပြီ ဖြစ်လို့ မြန်မာနိုင်ငံသားစစ်စစ်များအဖြစ် သိက္ခာရှိစွာ ဂုဏ်ယူစွာနဲ့ ပြန်ခွင့်ရကြပြီလို့ သိရှိရပါတယ်။ မြန်မာပြည်တွင်း ပြန်ရောက်ရင်လည်း လဝကကနေ သန်းကောင်စာရင်းထဲ ပြန်သွင်းဖို့၊ မှတ်ပုံတင်ပြန်လည်ထုတ်ပေးဖို့ စသည်ဖြင့် တရားဝင်ဆောင်ရွက်ဖို့ စာပို့အကြောင်းကြားထားပြီ ဖြစ်ပါတယ်။

ထို့အတွက် ဒေါက်တာစိန်ဝင်း မြန်မာပြည်သို့ ခရီးမထွက်ခွာမီ ဆက်သွယ်မေးမြန်းချက်ကို တင်ဆက်လိုက်ပါတယ်။

မေး။ ။ ဆရာတို့ မြန်မာပြည်ပြန်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီပေါ့။

ဒေါက်တာစိန်ဝင်း။ ။ ဟုတ်ကဲ့ပါ။ အားလုံးအဆင်ပြေသွားပါပြီ။

မေး။ ။ အမြဲတမ်းမေးစရာဖြစ်နေတဲ့ ဂရင်းကဒ်ပြန်အပ်ရတယ်ဆိုတာ မရှိဘူးပေါ့။

ဖြေ။ ။ မရှိပါဘူး။

မေး။ ။ အခုနောက်ဆုံးတော့ ချောချောမွေ့မွေ့ဖြစ်သွားတယ်ပေါ့။

ဖြေ။ ။ အခုကတော့ အားလုံးအဆင်ပြေသွားပါပြီ။ နောင်လည်းပဲ သူများတွေအတွက်လည်း အဆင်ပြေပြေ ချောချောမွေ့မွေ့ ဖြစ်ကြစေချင်ပါတယ်။ ဂရင်းကဒ်နဲ့နေနေကြတဲ့ မြန်မာနိုင်ငံသားဟောင်းတွေအနေနဲ့ နိုင်ငံသားလက်မှတ်ပြန်လျှောက်ပြီး မြန်မာပြည်ကို ပြန်ပြီး လုပ်ကြ ကိုင်ကြ နေထိုင်ကြတာနဲ့ ပတ်သက်ပြီး ဘာမှ ပြဿနာရှိစရာ မရှိစေချင်ပါဘူး။

မေး။ ။ အခုလို ဖြတ်သန်းစောင့်ဆိုင်း တောင်းဆိုခဲ့ရတာတွေနဲ့ ပတ်သက်ပြီး ဘာများပြောချင်လဲ ဆရာ။

ဖြေ။ ။ အချိန်တွေက ပြန်မရတော့ဘူးလေ။ ဆွေမျိုးသားချင်းတွေ တွေ့ချင်တယ်၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေ တွေ့ချင်တယ်။ လုပ်ချင်တာလေးတွေ စတဲ့ ပညာရေးတို့ စာသင်တာ စာရေးတာတွေ ကြန့်ကြာသွားတာပေါ့။ ကြန့်ကြာသွားတော့ ကိုယ့်ဆရာတွေ သင်္ချာဌာနကဆိုရင် ကိုယ့်ဆရာတွေ ဆုံးပါးသွားကြပြီပေါ့ဗျာ။ အဲဒါ ပြန်မရနိုင်တော့ဘူးပေါ့။

မေး။ ။ မြန်မာပြည်ပြင်ပကနေ စောင့်ဆိုင်းနေရတဲ့ ကုန်လွန်သွားရတဲ့ အခြေအနေတွေ အချိန်တွေကိုကော ဘာပြောချင်သလဲ ဆရာ။

ဖြေ။ ။ အင်မတန်ဝမ်းနည်းစရာပေါ့ဗျာ။ နိုင်ငံရေးအခြေအနေတွေ ပြောင်းနေပြီ၊ မြန်မာပြည်ကို ပြန်လာလို့ ရပြီ၊ ပြန်လာပါလို့ ခေါ်ကြတယ်၊ အတူတူတွဲလုပ်ရအောင်လို့လည်း ပြောကြတယ်။ ရင်ကြားစေ့ရေးပေါ့ ဟုတ်လား ဒီလိုအချိန်မှာ ဒီလိုမျိုး အချိန်တွေ ဆုံးရှုံးမှုတွေဖြစ်နေတယ်ဆိုတာက ဆိုးဝါးတာပေါ့ဗျာ။ မဖြစ်သင့်တဲ့ဟာတွေပါ။

မေး။ ။ ပြန်ချင်ပေမယ့် မပြန်နိုင်ကြတော့တဲ့ ရဲဘော်တွေ မိတ်ဆွေတွေအတွက်ကော ဘာပြောချင်သလဲဆရာ။

ဖြေ။ ။ အများကြီးပေါ့ဗျာ။ မကျန်းမာတဲ့သူတွေ၊ ဆုံးပါးသွားတဲ့သူတွေ ရှိတယ်။ လွန်ခဲ့တဲ့ ၃၊ ၄ နှစ်က ကျန်းကျန်းမာမာရှိနေတယ်။ ချက်ခြင်းပြန်ချင် ပြန်လို့ရတဲ့ သူတွေ ရှိတယ်ဗျာ။ လွတ်လွတ်လပ်လပ် ပြန်ခွင့်မရှိရတော့ အခုချိန်မှာ သူတို့အတွက်ကတော့ နောက်ကျသွားပြီပေါ့။ အင်န်အယ်ဒီ (လွတ်မြောက်နယ်မြေ) က ဥက္ကဋ္ဌ ဦးတင်အောင်ဆိုရင် ကျန်းမာရေး မကောင်းတော့ဘူး။ တလောက ကျနော်ရောက်ခဲ့တယ်။ ဖို့ဝိန်းမှာ ကျနော် ရောက်ခဲ့တယ်။ လွန်ခဲ့တဲ့ သုံးလေးနှစ်ကဆို အဲလို မဟုတ်ဘူး။ သူတို့ရဲ့ ပြည်တွင်းက မိတ်ဆွေတွေ ရဲဘော်တွေလည်း မရှိကြတော့ဘူး။ ဆုံးပါးကုန်ကြပြီ။ ဦးဝင်းတင်ဆိုရင် ကျနော် မတွေ့ရတော့ဘူး။

မေး။ ။ အချိန်တွေဆုံးသွားတာအပြင် ပြန်မရနိုင်တော့တဲ့ အခြေအနေတွေလည်း ရှိတာပေါ့ မဟုတ်ဘူးလား ဆရာ။

ဖြေ။ ။ အခြေအနေအသစ်မှာဆိုရင် မြန်မာပြည်ပညာရေးအတွက်ဆို အများကြီး ဝိုင်းလုပ်လို့ရပါတယ်။ ရန်ကုန်တက္ကသိုလ်က ထွက်လာတဲ့ ပညာရေးကို ဝိုင်းပြီး တွန်းတင်ဖို့ နားလည်တဲ့သူတွေ ရှိတယ်။ စိတ်ကူးယဉ်တာတွေ ရှိခဲ့ကြတာပေါ့ဗျာ။ စိတ်ကူးယဉ်တာတွေကို အကောင်အထည်ဖော်နိုင်ဖို့ ဟိုကလည်း မသွားနိုင်၊ ဒီကလည်း မလာနိုင်တာတွေ နဲ့ ဆိုတော့ ခက်တာပေါ့ဗျာ။ တိုင်းပြည်မှာ လိုအပ်တဲ့ စီးပွားရေး ပညာရေး တွန်းတင်ဖို့ ဆိုတဲ့အခြေအနေမှာ မလုပ်နိုင်ဘူးပေါ့ဗျာ။

မေး။ ။ အခုလိုမျိုး မြန်မာပြည်ကို မြန်မာနိုင်ငံသားစစ်စစ်အဖြစ်နဲ့ ပြန်နိုင်ဖို့ ရပ်တည်ဆောင်ရွက်ခဲ့ရတာနဲ့ ပတ်သက်ပြီး ဆရာခံယူချက်ကို နည်းနည်း ပြောပါလား ဆရာ။

ဖြေ။ ။ ဟိုလူပြန်တယ်၊ ဒီလူပြန်တယ်၊ ဟိုလိုလုပ်တယ်၊ ဒီလိုလုပ်တယ် ဆိုတာတွေကိုတော့ ကျနော် ကြားသိနေတာပေါ့နော်။ ကျနော်ကတော့ မြန်မာနိုင်ငံသားအဖြစ်နဲ့ပဲ ရပ်တည်တယ်၊ သည်အတိုင်းပဲ ပြန်ချင်တယ်။ တားဆီးတာ ကန့်သတ်တာတွေကို လက်မခံနိုင်ဘူး။ စိတ်ပျက်ပြီး စိတ်ညစ်ပြီး လက်လျှော့သွားတဲ့သူတွေလည်း ရှိတာပဲ။ ကျနော်ပြောချင်တာကတော့ဗျာ အထစ်အငေါ့တွေက မရှိသင့်ဘူး။ ဒီကိစ္စလုပ်ရတာ လွယ်ပါတယ်။ ဝက်ဆိုက်တွေရှိတယ်၊ ကြေငြာလိုက်ရင်ပြီးတာပဲ။ ပြဿနာတွေရှိရင်လည်း ပွင့်ပွင့်လင်းလင်း ပြောကြ ဆိုကြ။ ကျနော်တို့ဘက်မှာ ပြဿနာဆိုတာ မရှိဘူးဗျ။ ပြဿနာရှိတယ်ဆိုရင်လည်း ကိုင်တွယ်ကြရမှာပဲ။

ဖုံးပြီး ကွယ်ပြီးတော့ လုပ်နေတာ မဖြစ်သင့်ဘူး။ ဟိုတမျိုး ဒီတမျိုးဆိုတာ မရှိသင့်ဘူး။ မကြာသင့်ပဲ ကြာနေကြတာပေါ့ဗျာ။ ကျနော်တို့ကတော့ သံရုံးကို အကြောင်းကြားတယ်။ ပြည်တွင်းကိုလည်း ပြောတယ်။ စာရေးတယ်။ ကျနော်တို့ အမြန်ပြန်ချင်တယ်၊ လူတွေကလည်း မေးကြတယ်။ ကျနော်ဆိုလည်း မြန်မာပြည်က ပြန်လာတဲ့ မိတ်ဆွေတွေ ရဲဘော်တွေကို အမြဲမေးမြန်းတယ်၊ နားထောင်တယ်။ အခြေအနေကို သိအောင်လုပ်တယ်။ ကျနော်ကတော့ စိတ်မပျက်ဘူး။ အချင်းချင်းလည်း ပြောကြပါ။ အထက်ကိုလည်း ပြောကြပါ။ ပြုပြင်ပြောင်းလဲဖို့ ထင်သာမြင်သာရှိရမယ်။ အခုထက်ထိကတော့ ထင်သာမြင်သာ သိပ်မရှိသေးဘူး။ အခု ဒါကြောင့် ကျနော်တို့အကြောင်းကို လူတွေအားလုံးသိအောင် အမြဲတန်း ပြောပြနေတယ်လေ။ ခင်ဗျားတို့ မေးလာရင် ကျနော်ကတော့ အားလုံးပြောပြနေတာပါပဲ။

မေး။ ။ ဆရာတဦးတည်းနဲ့တင် လုပ်ရတာမဟုတ်ဘဲ ဆရာ့မိတ်ဆွေတွေ မိသားစုတွေ အတူတကွ ဝိုင်းဝန်း ရပ်တည် လုပ်ကိုင်ကြရလို့ အခုလို ဖြစ်လာရတယ်လို့ ပြောရမှာပေါ့နော် ဆရာ။

ဖြေ။ ။ ဟုတ်ပါတယ်။ အားလုံးဝိုင်းဝန်းပြီး ညီညီညွတ်ညွတ် ဆောင်ရွက်ကြလို့ပါ။ ဥပမာ - အမေရိကန်ကအမြဲတန်းနေထိုင်ခွင့်လက်မှတ် ဂရင်းကဒ်ဆိုတာက နိုင်ငံသားလက်မှတ်မဟုတ်ဘူး။ နေထိုင်ခွင့်ပေးထားတာပဲ ရှိတယ်။ ဒါကို အမြဲပြန်ရှင်းပြရတယ်။ သည်ကဒ်ကို ပြန်အပ်စရာ မလိုဘူး။ အချက်အလက်အထောက်အထားတွေ ရှာဖွေ စုဆောင်းပြီး ရှင်းပြရတယ်။ နောက်ပြီးတော့ တချို့ကတော့ ပြန်အပ်ခိုင်းတယ်၊ တချို့က အပ်စရာမလိုဘူး၊ ခွဲခြားခွဲခြားဖြစ်နေတာတွေကိုလည်း အားလုံးက လက်မခံကြဘူး။ အားလုံးတပြေးညီဖြစ်ဖို့အတွက် ကျနော်တို့ အတူတူ ရပ်တည်ကြရတာပေါ့ဗျာ။ ဗီဇာနဲ့ ပတ်သက်လို့လည်း တပြေးညီဖြင့်သင့်တယ်၊ ဝက်ဆိုက်မှာ ကြေညာလိုက်၊ တပြေးညီလုပ်ဖို့ ဆိုတာကို ဝိုင်းပြောကြရတာပေါ့ဗျာ။ နှုတ်နဲ့ကျတော့ တမျိုး ဝက်ဆိုက်ကျတော့ တမျိုး ဆိုတာ သံရုံးမှာ မရှိသင့်ဘူး။ ဒါကို တဦးတည်းအတွက်တင်မဟုတ်ပါဘူး၊ ကျနော်တို့ မိသားစု မိတ်ဆွေတွေ အတွက်တင် မဟုတ်ပါဘူး။ နောင် ကျနော်တို့ မြန်မာနိုင်ငံသားတွေ အားလုံးအတွက် ဆက်ပြီး ချောချောမွေ့မွေ့ ဖြစ်စေချင်တယ်။ မီဒီယာတွေကလည်း ပြောပေးကြရမှာပေါ့ဗျာ။

မေး။ ။ မြန်မာနိုင်ငံသားဟောင်းတွေ ပြည်တွင်းရောက်ပြီးတော့မှ လဝကမှာ နိုင်ငံသားပြန်လျောက်ကြတယ်၊ အဲသည်အတွက်လည်း လူဝင်မှုကြည့်ကြပ်ရေးက ဆောင်ရွက်ပေးနေတယ်လို့လည်း သိရပါတယ်။ အဲဒါ ဟုတ်လားဆရာ။

ဖြေ။ ။ အဲသည်လိုလည်း ကြားသိရပါတယ်။

မေး။ ။ ကဲ ဆရာလည်း ခရီးသွားဖို့ လုပ်ရတော့မယ်။ နောက်ဆုံးမေးချင်တာကတော့ ပြောင်းလဲချိန်တန်ပြီ ဆိုတာ ဟုတ်နေပြီပေါ့ ဆရာ။

ဖြေ။ ။ ပြောင်းလဲချိန်တန်ပြီ ဆိုရင် လူတိုင်းကလည်း ယခင်တုန်းကလိုမျိုး မဟုတ်တော့ပဲ ကိုယ်တိုင်လည်း ပြောင်းလဲရပါမယ်။ ပြောင်းလဲချိန်တန်ပြီ ဆိုပြီးတော့ ကျနော်တို့တတွေက ဟိုတုန်းကအကျင့်တွေ အလုပ်တွေကို မပြင်ဘဲ မပြောင်းဘဲ ဆက်လုပ်နေလို့ မရပါဘူး။ ပြောင်းလဲလာဖို့ကိုလည်း တစိုက်မတ်မတ် ဆက်လုပ်နေဖို့ လုပ်ပါတယ်။ စိတ်ရှည်ဖို့ လိုပါတယ်။ မိမိပတ်ဝန်းကျင်က လူတွေ သိအောင်၊ အစိုးရ၊ လွှတ်တော်၊ အမတ်တွေ၊ သမ္မတ၊

နိုင်ငံတော်အတိုင်ပင်ခံတို့ သိအောင်လည်း လုပ်ရမယ်၊ တင်ပြနေရပါမယ်။ စိတ်လျှော့လိုက်လို့ မရပါဘူး။ ခေတ်နဲ့ စနစ်နဲ့ မညီတာတွေ ပြောင်းသင့်ပြီ၊ ပြောင်းလဲအောင် ဝိုင်းလုပ်ကြရပါမယ်။ အနည်းဆုံးတော့ မြန်မာသံရုံးဆိုတာလည်း သူများသံရုံးဆိုတာထက် ဒို့သံရုံးဖြစ်အောင် ပြောင်းလဲရမှာပေါ့။ ပြည်ပရောက်နေတဲ့ မြန်မာတွေဟာ နေ့တိုင်း မြန်မာစိတ်နဲ့ပဲ နေနေကြတာဗျ။ စားလည်းမြန်မာစိတ် သွားလည်း မြန်မာစိတ်ပဲ။ သည်မြန်မာနိုင်ငံသားဟောင်းတွေမှာ မြန်မာပြည်ကို ကောင်းစေချင်တဲ့ စေတနာချည်းပဲ။ သူတို့တွေ မြန်မာပြည်ပြန်လာပြီး ကောင်းရာကောင်းကျိုး ဝိုင်းလုပ်ကြမယ့်သူတွေချည်းပါဗျာ။

မေး။ ။ ကျေးဇူးပါဆရာ။ ခရီးလမ်းချောမွေ့ပါစေ။

(မိုးမခဖြည့်စွက်ချက် - ဒေါက်တာစိန်ဝင်း၊ ဇနီး စီစီသွယ်၊ သား လရောင်တို့ မြန်မာစံတော်ချိန် ဩဂုတ် ၉၊ မနက်ခင်းမှာ မြန်မာပြည် ရန်ကုန်မြို့ကို ချောမွေ့စွာ ပြန်လည်ရောက်ရှိသွားပြီ ဖြစ်ပါတယ်။ ဓာတ်ပုံက တက္ကသိုလ်ရိပ်သာလမ်း၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ရှေ့မှာ ရိုက်ကူးထားတဲ့ ပုံဖြစ်ပါတယ်)

https://www.moemaka.com/2019/07/ncgub.html



ဆရာ၊ သား ပြည့်လရောင်၊ သမီး မေ့လပြည့်၊ ဇနီး ဒေါ်စီစီသွယ် (ဓာတ်ပုံ - thanda myint facebook၊ ၂၀၁၉ ဇူလိုင် ၁၉၊ အာဇာနည်နေ့၊ မင်္ဂလာရာမဘုန်းကြီးကျောင်း၊ မေရီလင်းပြည်နယ်၊ ယူအက်စ်အေ)

# ဒေါက်တာစိန်ဝင်း (NCGUB ဝန်ကြီးချုပ်ဟောင်း) နဲ့ အင်တာဗျူး - ၈၈အရေးတော်ပုံ ၃၁နှစ်ပြည့်အမှီ အိမ်ပြန်ရတော့မလား

### (မိုးမခ) ဇူလိုင် ၃၀၊ ၂၀၁၉

မိုးမခမီဒီယာမှာ ၂၀၁၆ ကတည်းက တောက်လျှောက် သတင်းဖော်ပြခဲ့တဲ့ သတင်းအကြောင်းအရာတခုကတော့ - ပြည်ပရောက် မြန်မာအရေးလှုပ်ရှားသူများကို လွတ်လပ်စွာနဲ့ ဂုဏ်သိက္ခာရှိရှိ မြန်မာနိုင်ငံသားအဖြစ်နဲ့ မိခင်မြန်မာပြည်က ပြန်လည် လက်ခံနိုင်ဖို့ အရေးဖြစ်ပါတယ်။

အဲသည်အတွက် ဒေါက်တာစိန်ဝင်း၊ ဇနီးမစီစီသွယ် နှင့် မိတ်ဆွေမိသားစုများ တောက်လျှောက်တောင်းဆို လှုပ်ရှားနေခဲ့တာ ၃ နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဇူလိုင် ၁၉ တုန်းကတော့ ဆရာဒေါက်တာစိန်ဝင်းနဲ့ မိသားစုတို့ မြန်မာပြည်တွင်းက အာဇာနည်နေ့အခမ်းအနားအမီ ပြန်ရောက်နေပြီလို့ အတည်မပြုနိုင်တဲ့သတင်းတွေ ထွက်လာပါတယ်။ မိုးမခက ဆက်သွယ်တဲ့အခါမှာတော့ ဆရာတို့ ခုချိန်ထိ အမေရိကန်မှာ ရှိနေတုန်းပဲလို့ သိရပါတယ်။

သို့သော်လည်း ဝါရှင်တန်ရှိ မြန်မာသံရုံးက ဆက်သွယ်ထားတယ်လို့ ကြားသိရတဲ့အတွက် မိုးမခက ဒေါက်တာစိန်ဝင်းကို ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

မေး။ ။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အင်န်အယ်ဒီအစိုးရနဲ့ လွှတ်တော် အာဏာရလာပြီးတဲ့နောက်၊ အမေရိကန်ရောက်နေတဲ့ဒေါက်တာစိန်ဝင်းတို့မိသားစုနဲ့ မိတ်ဆွေတွေက မြန်မာပြည်ကို ပြန်လည်သွားရောက်နိုင်ဖို့ ၂၀၁၆ ဇူလိုင်လမှာ ခရီးသွားဗီဇာ လျှောက်ခဲ့တယ်။ အဲသည်တုန်းက မြန်မာနိုင်ငံသားဟောင်းတွေဆိုပြီး ခံဝန်ချက်လက်မှတ်ထိုးရတာတွေ ကန့်သတ်ချက်တွေ ရင်ဆိုင်ခဲ့ရလို့ မသွားဖြစ်ခဲ့ဘူး။ သည်လိုနဲ့ ၂၀၁၈ ရောက်လာတယ်။ ဒါနဲ့ ဆရာတို့က မြန်မာနိုင်ငံသားပြန်လျှောက်ကြတယ်။ အဲသည်လို ဖြစ်နေခဲ့တယ် မဟုတ်လား။

ဒေါက်တာစိန်ဝင်း။ ။ ဟုတ်ပါတယ်။ ပထမတခေါက် ၂၀၁၆မှာ ပြန်ဖို့ ကြိုးစားတုန်းက ကန့်သန့်ချက်တွေ ခံဝန်ချက်တွေ ဟိုဟာတွေ ဒီဟာတွေ ပါနေတာနဲ့ မသွားဖြစ်ဘူး။ ခုထိလည်း ပိုက်ဆံယူပြီးဖြစ်စေ ပိုက်ဆံမယူ၍ဖြစ်စေ အလုပ်လုပ်ခွင့် မရှိဘူးလို့ ကန့်သတ်ထားတာတွေ ရှိနေတုန်းပါပဲ။ နောက်တခါ ၂၀၁၈ မှာ မြန်မာနိုင်ငံသားအဖြစ် ပြန်လျှောက်ကြတဲ့အခါ အမေရိကန်ကထုတ်ပေးထားတဲ့ အမြဲတန်းနေထိုင်ခွင့်ကဒ်ကို ပြန်အပ်ဖို့ ပြောပြန်ရော။ ဒါကို ကျနော်တို့က လက်မခံဘူးလေ။ အဲဒါနဲ့ ကြာနေတာ။

မေး။ ။ အခု ဆရာတို့ကို ပြန်လည်ဆက်သွယ်လာတာက ၂၀၁၉ ဇူလိုင်လအတွင်းမှာဆိုတော့ ၁ နှစ်ကျော် ကြာမြင့်ခဲ့တယ် ဆိုရမယ်။ အခု ၂၀၁၉ ဇူလိုင်လအတွင်းမှာ ဘယ်လိုမျိုး ဆက်သွယ်လာပြန်တာလဲ၊ ဘာတွေ လုပ်ရဦးမလဲ ဆရာ။

ဖြေ။ ။ အခုကျတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ ... ရန်ကုန်က ကျနော့်မိသားစုအိမ်ကို ဗဟန်း လဝက (လူဝင်မှုကြည့်ကြပ်ရေး)က  ဆက်သွယ်လာပါတယ်။
ရုံးစာနဲ့အကြောင်းကြားပါတယ်။သန်းကောင်စာရင်းပြန်သွင်းနိုင်ဖို့၊ မှတ်ပုံတင်အသစ် ထုတ်ပေးနိုင်ဖို့။ ပြီးတော့ dual citizenship ခံယူထားသူမဟုတ်ကြောင်း ကျမ်းကျိန်ဖို့ စတဲ့ လုပ်ထုံးလုပ်နည်းအရ လုပ်စရာတွေ လုပ်ဖို့ သူတို့ဆီက အကြောင်းကြားစာ ရရှိပါတယ်။ မိသားစုအိမ်ကို ဗဟန်းလဝက က အကြောင်းကြားတာ။ နောက်သံရုံးကတော့ - သမ္မတ နဲ့ ပြည်ထောင်စုဝန်ကြီး အစည်းအဝေး  ၁၁/၂၀၁၉ အရ ကျနော်တို့အားလုံး ၉ ဦး၊ ကလေး ၂ ဦး အပါအဝင် နိုင်ငံသားအဖြစ် ပြန်လည်လက်ခံလိုက်ပြီးဖြစ်ကြောင်း ကျနော်တို့ကို အသိပေးအကြောင်းကြားလာပါတယ်။

မေး။ ။ မြန်မာနိုင်ငံသားဟောင်းတွေက မြန်မာသံရုံးမှာ မြန်မာပတ်စ်ပို့ ပြန်လျှောက်ရင် အမေရိကန်ဂရင်းကဒ်ပြန်အပ်ရတယ်လို့ ကြားသိရတယ်။ ဆရာတို့ကိုကော ပြန်အပ်ခိုင်းသလား။

ဖြေ။ ။ ကျနော်တို့ကိုလည်း ဂရင်းကဒ်ပြန်အပ်ဖို့ သံရုံးက စာထဲမှာ ပါပါတယ်။ ဒါပေမယ့် ကျနော်တို့မှာ ရှိနေတဲ့ အမေရိကန်ခရီးသွားလက်မှတ်ဟောင်းတွေကို ပြန်အပ်တာနဲ့ ပြီးသွားပါတယ်။ ကျနော်တို့ သိတာကတော့ dual citizenship ကို လက်မခံဘူးဆိုတဲ့ အချက် မြန်မာနိုင်ငံဥပဒေမှာ ရှိတယ်ဆိုတာကို သိတယ်။  သို့သော်လည်း အမြဲတန်းနေထိုင်ခွင့် ၊ ဂရင်းကဒ်ဆိုတာကျတော့ နိုင်ငံသားနဲ့ မဆိုင်ဘူးလေ။ အဲသည်လိုမျိုး မြန်မာနိုင်ငံသားတွေ အမေရိကန်မှာ ဂရင်းကဒ်နဲ့ နေထိုင်နေတာမျိုးတွေ အများကြီးရှိတယ်။ သည်တော့ ကျနော်တို့လို မြန်မာဒီမိုကရေစီအရေးအတွက် ပြည်ပရောက်နေတဲ့လူကိုကျတော့ မူလမြန်မာနိုင်ငံသားပြန်ဖြစ်နိုင်ဖို့ ဂရင်းကဒ်ကိုပြန်အပ်ရမယ်ဆိုတာကျတော့ ဥပဒေက ၂ မျိုးဖြစ် မနေဘူးလား။ ဒီအချက်ကို နိုင်ငံတော်သမ္မတကြီးနဲ့ အတိုင်ပင်ခံတို့ထံ ဝက်ဆိုက်တွေကနေတဆင့်လည်း စာရေးပြီး တင်ပြခဲ့တယ်။

မေး။ ။ သည်တော့ မြန်မာပြည်အစိုးရပိုင်း လုပ်ထုံးလုပ်နည်းအရ ဆရာတို့ကို နိုင်ငံသားအဖြစ် ပြန်လည်လက်ခံလိုက်ပြီ လုပ်စရာ ရှိတာတွေ လုပ်ဖို့ပဲ ရှိတော့တယ် ဆိုတဲ့သဘောပေါ့။ သည်အခါကျတော့ အမေရိကန်က မြန်မာသံရုံးက ဆရာတို့ကို ဘာတွေ ပြောပါသလဲ။

ဖြေ။ ။ ခရီးသွားဖို့ကတော့ သံရုံးက ကျနော်တို့ကို ထုတ်ပေးရမယ်လေ။ ခရီးသွားနိုင်ဖို့ စာရွက်စာတန်း ထုတ်ပေးမှ ကျနော်တို့ ပြန်ပြီး မြန်မာပြည်မှာ လုပ်ရမယ့် due process ကို လုပ်နိုင်မှာပေါ့။

ကျနော့်အမြင်ကတော့ သမ္မတက အကြောင်းကြား ပြီးပြီ။  ခရီးသွားခွင့် စာရွက်စာတမ်းထုတ်ပေးဖို့ပဲ ရှိတော့တယ်။ သို့သော် အခု နိုင်ငံခြားရေးက ဒုဝန်ကြီးကို ပြန်လည် တင်ပြရဦးမယ်လို့ ဆိုတော့ ကျနော်အမြင်ကတော့ အချိန်ကုန်တာပဲ ဗျာ။ အလုပ်လုပ်တဲ့နေရာမှာ သည်လိုသာအလုပ်လုပ်နေရင်တော့ ကျနော်တို့ ကိစ္စတင်မကဘူး သူများတွေရဲ့အရေးတွေမှာလည်း ရင်မောစရာပေါ့။

မေး။ ။ အာဇာနည်နေ့တုန်းက မြန်မာပြည်ပြန်မရောက်နိုင်ခဲ့ပေမယ့် အခုလာမယ့် ဩဂုတ်လ ၈ ရက်။ ၈လေးလုံး ၃၁ နှစ်ပြည့်အမီတော့ ပြန်နိုင်တော့မယ်လို့ ထင်ပါသလားဆရာ။

ဖြေ။ ။ ကျနော်တို့ကတော့ ဒီတပတ် ခရီးသွားခွင့်လက်မှတ်ရတာနဲ့ နောက်တပတ် ပြန်ပြီပဲ။


မေး။ ။ အခြားနိုင်ငံသားမခံယူထားတဲ့ မြန်မာနိုင်ငံသားဟောင်းတွေ ဂုဏ်သိက္ခာရှိစွာ မိခင်တိုင်းပြည်ကို ပြန်ပြီး တိုင်းပြည်အကျိုးဆောင်ရွက်နိုင်ကြဖို့အတွက် မျှော်လင့်ချက်တွေ အလင်းရောင်တွေ သန်းလာပြီလို့ ဆရာ ပြောချင်ပါသလား။

ဖြေ။ ။ နိုင်ငံတကာမှာရှိတဲ့ မြန်မာသံရုံးတွေမှာ တရားဝင်ကြေညာချက်တွေ ထုတ်ပြန်ပြီးတော့ ကျနော်တို့လို မြန်မာ့အရေးကြောင့် ပြည်ပရောက်နေသူတွေကို ပြန်လည်ခေါ်ယူဖို့ ပွင့်လင်းမြင်သာတဲ့ လက်ခံဆောင်ရွက်မှုတွေ အချိန်တိုတိုအတွင်း မြန်မြန်ဆန်ဆန် လုပ်ပြဖို့ လိုမယ်။  မြန်မာနိုင်ငံသားဟောင်းတွေရဲ့ ဆိုရှယ်မီဇာထဲမှာလည်း အကန့်အသတ်မလုပ်ထားပဲ လွတ်လပ်စွာ ကူညီလုပ်ကိုင်ခွင့်ပြုဖို့ လုပ်ရပါလိမ့်မယ်။ ကျနော်တို့လို နှစ်နဲ့ချီပြီး ကြာနေတာမျိုး မဖြစ်သင့်ပါဘူး။

အညွှန်း - ဝါရှင်တန်မြန်မာသံရုံးက မြန်မာနိုင်ငံသားများဟောင်းအတွက် လျှောက်လွှာ။

သူတို့အာဘော် / စီစီသွယ် (S/OKA ၀၈၉ ၈၁၈) – နိုင်ငံတော်အတိုင်ပင်ခံ၏ ပန်ကြားချက်နှင့် ပြည်ဝင်ခွင့်

အင်တာဗျူး / “မြန်မာနိုင်ငံသားစစ်စစ် ကဝိအို အိမ်ပြန်နိုင်ပြီလား”




# စီစီသွယ် (S/OKA – 089818) – ကဝိအိုရဲ့ အိမ်ပြန်ချိန်

**(မိုးမခ) ဇူလိုင် ၂၃၊ ၂၀၁၆**

ပေါင်မုန့်ဆိုင်မှာ အလုပ်လုပ်ရင်း ခေါင်းထဲဝင်လာတဲ့ စာလုံးက "ကဝိ"။ "ကဝိအိုရဲ့ အိမ်ပြန်ချိန်" ။ ဇူလိုင် ၈၊ ၉ ၊ ၁၀၊ ၁၁ ရက် (၂၀၁၆) တွင် ခံစားရမှုများ

တိုင်းပြည်အကျိုးမျှော်ကိုး၍ ကျမ စီစီသွယ် (S/OKA 089818) မှာ ဖြစ်ရပ်မှန် စာတဖွဲ့ "ကဝိအို၏ အိမ်ပြန်ချိန်" ကို လေးစားစွာ တင်ပြအပ်ပါသည်။

အိမ်ပြန်ချိန် ရောက်ပြီး ကဝိအိုလည်း အိမ်ရောက်ချင်ပြီပေါ့။ ထိုအခါ အိမ်ရောက်ချင်သူတိုင်းရဲ့ ဆုလာဘ် ကျလာတယ်။ အဲဒီဆုလာဘ်က "ခံဝန်ချက်ထိုး၊ အသနားခံစာ တင်၊ ဘယ်ထဲမှ ဝင်ပါနဲ့" တဲ့။

ကျမ အတွေးဝင်လာတယ်။ ကဝိအိုရဲ့ အနှစ် ၂၀ ကျော်ကြာခဲ့တဲ့ နိုင်ငံရေးအတွေ့အကြုံတွေ၊ ကမ္ဘာ့ခေါင်းဆောင်များနှင့် သံတမန်များရဲ့ အတွေးအခေါ် အယူအဆ ဆက်ဆံရေးတွေ ပြန်မမျှဝေရဘူးလား။

နိုင်ငံရေး အတွေ့အကြုံတွေ မမျှဝေရရင်တောင် ဆယ်စုနှစ်ပေါင်းများစွာ ဖတ်လာခဲ့တဲ့ စာအုပ်တွေရဲ့ တစိတ်တဒေသ၊ အိမ်နားက စာကြည့်တိုက်မှာ ဖတ်စရာမကျန်တော့လောက်အောင် အပတ်တိုင်း ကျောပိုးအိတ်နဲ့ သယ်ပြီး ဖတ်ခဲ့တဲ့ စာအုပ်တွေထဲက အကြောင်းတွေ၊ ကမ္ဘာကျော် သချာင်္ချာနယ်မှ

"အယ်ဒီတာ" လုပ်ရန် အကြိမ်ကြိမ် ခေါ်ခြင်း ခံရလောက်အောင် ဆည်းပူးခဲ့တဲ့ သချာပ်ညာတွေ၊ အချိန်လုပြီး ဖတ်ခဲ့တဲ့ သချာစာအုပ်တွေထဲက အကြောင်းတွေကို ကျောင်းသားတွေ၊ လူငယ်တွေ၊ စိတ်ဝင်စားတဲ့သူတွေကို ပြန် ဝေမျှခွင့် မရတော့ဘူးလား။

ဒဲဒါတွေဟာ နိုင်ငံကောင်းအောင် တစိတ်တပိုင်းက ပါခဲ့တဲ့ နိုင်ငံရေးအဖိုးအိုတယောက်အတွက် ဆုလာဘ်တွေလား။ သူမြတ်နိုးတဲ့ သချာသင်္ချာဘာဝကို စွန့်လွှတ်၊ မိသားစုအရေးကို ပယ်ပြီး တိုင်းပြည်အရေးကို သယ်၊ (၁၀၁) နှစ်အထိ နေသွားခဲ့တဲ့ အမေအိုခင်မျာ သားအတွက် ဆုတောင်းခြင်းမှလွဲ၍ စာတကြောင်း၊ ဖုန်းတခေါ်မျှ မရရှသွားခဲ့ဘူး။ နိုင်ငံအတွက် လုပ်သက်တလျှောက်လုံးမှာ ခြိုးခြိုးခြံခြံ နေခဲ့တဲ့ (သမိုင်းပစ္စည်းနဲ့ သမိုင်းဝင်ပစ္စည်းဟု ငြင်းရလောက်အောင်၊ တိုင်းရင်းသားများက မှတ်ချက် ချရလောက်အောင်၊ နိုင်ငံခြားသားများက integrityဟု အကြိမ်ကြိမ် ပြောရလောက်အောင်) နိုင်ငံရေးအဘိုးအိုတယောက်ရဲ့ အိမ်ပြန်ချိန်မှာ ရတဲ့ ဆုလာဘ်က "ခံဝန်ချက် လက်မှတ်ထိုး၊ အသနားခံစာ တင်၊ ဘယ်ထဲမှ ဝင်မပါနဲ့၊ ဆွေမျိုးတွေနဲ့ဘဲ တွေ့" တဲ့လား။

ပြည်ဝင်ခွင့်လျှောက်ပြီး ပြန်လာတဲ့သူတွေရဲ့ နာကျင်တဲ့ မျက်နှာနဲ့ အသံတွေကို အခုအချိန်မှာ နားလည် ခံစားလာရတယ်။ "သိက္ခာရှိစွာ အိမ်ပြန်နိုင်ရေး" ဆိုတဲ့ စကားလုံးကို စကားလုံးရဲ့ အဓိပ္ပါယ်နဲ့ မဟုတ်ဘဲ ရင်ထဲက ခံစားချက်နဲ့ သိလာတယ်။

ဘယ်တော့မှ သိက္ခာရှိရှိ အိမ်ပြန်ရပါ့မလဲ။ ကမ္ဘာအနှံ့ ပြန့်ကျဲနေတဲ့ ကဝိအိုတွေ၊ တိုင်းပြည်အတွက် နှစ်ပေါင်းများစွာ "တော ဖြတ်၊ ထောင် ဖြတ်" ခဲ့ရသူတွေ၊ ရောက်ရာနေရာတွေမှာ အတွေးရော အလုပ်ရော မြန်မာပြည်အတွက် ပေးဆပ်နေသူတွေ ဘယ်တော့ "ခံဝန်ချက် ထိုးရတဲ့ဘဝ" က လွတ်မလဲ။ "အကူအညီလိုပါတယ် ဆိုတဲ့ တိုင်းပြည်" ကို ဝင်လာတဲ့ တိုင်းတပါးသားတွေရော ဘယ်တော့ ခံဝန်ချက် ထိုးရတဲ့ ဘဝက လွတ်မလဲ။ ကျမအတွေးထဲမှာ မေးခွန်းပေါင်းများစွာနဲ့ပါ။

အိမ်ပြန်သင့်ပြီ။ အထူးဆု မလိုချင်ပါ။ "အားလုံးအတွက် ဂုဏ်သိက္ခာ ရှိခြင်း အမြန်ဆုံးရခဲ့ရင်" ကဝိအိုတယောက် ကျန်းမာရေး ချို့တဲ့နေပြီဖြစ်တဲ့ သူ့အကို (နိုင်ငံအတွက် ၅ နှစ်ကျော် ထောင်ဖြတ်ခဲ့ရသော) နှင့် တွေ့ခွင့်ရမှာပါ။ မိအိုများ ဖအိုများလည်း နှစ်ပေါင်းများစွာ ဝေးကွာနေတဲ့ သားသမီးများနှင့် တွေ့ခွင့်ရမှာပါ။ တိုင်းတပါးသားများလည်း မြန်မာပြည်ရဲ့ နွေးထွေးမှု၊ ယဉ်ကျေးမှုကို အပြည့်အဝ ခံစားခွင့် ရရှိမှာပါ။

စီစီသွယ်၊ S/OKA ၀၈၉၈၁၈

ခေတ္တ အမေရိကန်ပြည်ထောင်စု

စာကြွင်း – ပြည်သူတင်မြှောက်ထားသော ပြည်သူ့အစိုးရကို လေးစားရိုသေသောအားဖြင့် တိုင်းပြည်တာဝန် ထမ်းဆောင်ခြင်းနှင့် ကူညီခြင်းမှ လွဲ၍ ကျန်တာမလုပ်ပါဟု ရေးထိုးခဲ့ပြီးပါပြီ။ (၇၊၇၊ ၂၀၁၆ work history form) ။ ကျန်တဲ့ ခံဝန်ချက်များ ထပ်မထိုးသင့်တော့ပါ။ အိုခြင်းကိုလည်း အသက်အရ သုံးနှုန်းထားပါသည်။ ဉာဏ်အားတွင်တော့ သတင်းစာတွင် ဖတ်ရသော "လေ့ကျင့်ထားသော အသက် ၇၀ကျော်၏ ဉာဏ်အားသည် အသက် ၂၀ နှင့် အတူတူပင် ဖြစ်ကြောင်း" ၏ နမူနာပြယုဂ် တခုဖြစ်ပါသည်။ အခြားပြယုဂ်များလည်း အများကြီး တွေ့နေရပါသည်။ နောက်ထပ်ပြယုဂ်တခုမှာတော့ ရက်ပိုင်းအတွင်း တွေ့ခဲ့ရသော အသက် ၉၈ နှစ်အရွယ်တွင် ဟင်းချက်နိုင်တုန်း ဖြတ်လတ်နေတုန်း၊ နှစ်ပေါင်းများစွာ ဝေးကွာနေသူများကို နာမည်နဲ့တကွ မေးနိုင်သော မှတ်ဉာဏ်အား ကောင်းဆဲဖြစ်သော ဗိုလ်ချုပ်ကတော် ဘွားဘွား ဒေါ်ခင်ကြည်၏ ညီမ အန်တီ မာ ဖြစ်ပါသည်။

အများသူငါ ခံဝန်ချက် မထိုးရမည့် အချိန်ကို မျှော်လင့် စောင့်စားရင်း

စိစိသွယ် (S/OKA 089818)

ဇူလိုင် ၂၀၊ ၂၀၁၆၊ ၉ နာရီ ၅၀ ည



## မေချို – အမေ့ အိမ်ပြန်ချိန်
## (မိုးမခ) ဩဂုတ် ၁၀၊ ၂၀၁၆

ကဝိအို ရဲ့ အိမ်ပြန် ချိန် ဆောင်းပါးနှင့် အတူ မြန်မာပြည် ပြန်လာဖို့ ကြိုးစား ရာမှာ အမေရိကန် နိုင်ငံရှိ မြန်မာ သံရုံးမှာ ခံဝန်လက်မှတ် ထိုးခိုင်းတဲ့ ယခင် အစိုးရဟောင်းရဲ့ မူဝါဒ အဟောင်း လက်ကျန်တွေကြောင့် ကဝအိုရဲ့ အိမ်ပြန်ချိန် ဟာ အခက်အခဲတွေနဲ့ အတူ ကြန့်ကြာနေဆဲပါ ။


အာ ဇာနည်မျိုး သေရိုးမရှိ ကျဆုံးလေသော အာဇာနည် ခေါင်းဆောင်ကြီး ၉ ဦးမှာ ဗိုလ်ချုပ် အောင်ဆန်း နှင့် ဗိုလ်ချုပ် အောင်ဆန်းရဲ့ အကိုအရင်း ဦးဘဝင်းတို့ ညီအကို ၂ ဦး အတူပါဝင်ခဲ့ပါတယ်။

ဒေါက်တာစိန်ဝင်းဟာ အာဇာနည်ပုဂ္ဂိုလ်ကြီး ဦးဘဝင်းရဲ့ သားဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ တူအရင်းဖြစ်ပါတယ်။ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကို တစ်ဝမ်းကွဲဖြစ်ပြီး နိုင်ငံရေးအရ အမေစုအတွက် အားကိုးအားထား အထောက်အပံ့ ဖြစ်ခဲ့တဲ့ တချိန်က ပြည်ပရောက် ညွန့်ပေါင်းအစိုးရ ရဲ့ ဝန်ကြီးချုပ် လဲဖြစ်ခဲ့ဖူးပါတယ်။

အခုချိန် ဟာ ဒီမိုကရေစီ အရပ်သား အစိုးသစ် လက်ထပ် ပြည်သူလူထု က ရွေးချယ်တင်မြှောက်ခဲ့တဲ့ ပြည်သူ့အစိုးရ တရပ် ဖြစ်နေပြီမို့ ပြည်ပ ရောက် နေတဲ့ နိုင်ငံရေး အင်အားစုများ ဂုဏ်သိက္ခာ ရှိစွာ ပြည်တော် ပြန်ဝင်သင့်ချိန် ကို ရောက်နေပါပြီ

ဂုဏ် သိက္ခာရှိစွာ ပြည်တော်ပြန်ဝင်ဖို့ အတွက်လဲ အာဇာနည် မျိုးရိုး ဆိုတဲ့ မာန် တွေနဲ့ သံရုံးက အစိုးရဟောင်းရဲ့ လက်ကျန် မူအဟောင်းတွေ နဲ့ နိုင်ငံရေး မလုပ်ပါဘူး ဆိုတဲ့ ခံဝန် လက်မှတ် ကို မထိုးနိုင်သေးလို့ အိမ်ပြန်ချိန် တွေ နောက်ကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကိုကြီးပါ ။ ဒေါက်တာစိန်ဝင်းဇနီးမောင်နှံနည်းတူ နိုင်ငံရေးမလုပ်တော့ပါဘူး ခံဝန် လက်မှတ် မထိုးနိုင်လို့ အိမ်ပြန်ချိန် နောက်ကျနေတဲ့ နိုင်ငံရေးသမားတွေထဲမှာ မေချို ရဲ့ မိခင် နိုင်ငံရေး အကျဉ်းသူဟောင်း ဒေါ်တင်တင်ညို လဲ ပါဝင်နေပါတယ်။

(မှတ်တမ်းဓာတ်ပုံ- မေချိုရဲ့ အကို ပေါ်ထွန်းဇော်နှင့် ယောင်းမလေး မူးပေါ်ရဲ့ အမေရိကန်နိုင်ငံ ဗားဂျီးနီးယားပြည်နယ်မှာ ပြုလုပ်ကျင်းပခဲ့တဲ့ မင်္ဂလာဆည့်ခံပွဲကို သတိုးသမီး ၏ မိဘ နေရာမှနေ၍ ကြွရောက်ချီးမြှင့် အားပေးစဉ် အမှတ်တရ)




# တင်တင်ညို (ဒလမြို့နယ်) – ပြည်ထဲရေးဝန်ကြီးသို့ အိမ်ပြန်ချိန်နောက်ကျသူတဦးရဲ့ အိတ်ဖွင့်ပေးစာ

**(မိုးမခ) ဩဂုတ် ၅၊ ၂၀၁၆**

ဒီလိုတွေဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါ၊ တွေးမထားခဲ့ပါ၊ လျှော့တွက်တာတော့မဟုတ်ပါဘူး။ မထင်မှတ်ထားတာတွေ ဖြစ်နေတော့ အချိန်မတန်လို့ အိမ်မပြန်ရသေးဘူးလို့ပဲ တွေး ပြီး ဖြေသိမ့်ရတာပေါ့။ ကိုယ့်နိုင်ငံက ထွက်လာတာ ၉ နှစ်နီးပါး ရှိပြီ။ ဆွေမျိုး မိတ်ဆွေ၊ နိုင်ငံ့အရေး လုပ်ဖော်ကိုင်ဖက်၊ နိုင်ငံရေးအမှုတွေနှင့် ထောင်နန်း စံဖက်၊ ရပ်ဆွေရပ်မ ျိုး အားလုံးကို တနေ့မှ မမေ့ပါ၊ ရင်နှစ်သည်းခြာ တဦးတည်းသော သမီးလေးကိုလည်း လွမ်းမိပါသည်။ (တထောင်ထဲ အတူဝင်ကြတော့ သူက ဆယ်ကျော်သက်ကလေး၊ အခုတော့ လူရွယ်တဦး ဖြစ်နေပေပြီ)။ သမီးရေ … မေမေပြန်လာဖို့ လုပ်နေပြီ၊ ဘယ်အချိန်ရောက်မည် လက်လှမ်းမှီသမျှ မိတ်ဆွေများကိုလဲ အသိပေးခဲ့သည်။

ယခင်တုန်းကတော့ ကွ ျန်မတို့ အချိန်မတန်၍ မြန်မာပြည်ပြန်ရန် အချိန် ရက် လ နှစ် မခန့်မှန်းနိုင်ဖြစ်နေကြရသည်။ အကြောင်းအရင်းက ကျမတို့ရဲ့နိုင်ငံမှာ ပြည်သူ့အစိုးရစစ်စစ် တက်ပြီးမှ အိမ်ပြန်မယ်လို့ ဆုံးဖြတ်ထားလို့ ဘယ်တုန်းကမှ မြန်မာနိုင်ငံ ပြန်ဖို့ မလုပ်ခဲ့။ ယခု စတင်ပြင်ဆင်တာ ပြည်သူ့အစိုးရ တရားဝင်ဖြစ်တဲ့နေ့ နောက်ပိုင်းမှ စတင်ပါတယ်။ ကိုယ့်စိတ်ကို ရှင်းရှင်း ဖြစ်ချင်လို့။

မိခင်နိုင်ငံပြန်ရန် ခရီးသွားခွင့်စာအုပ် ဇူလိုင် ၁၆ ရက်နေ့ကရရှိပါတယ်။ ဇူလိုင် ၁၈ ရက်နေ့ မှာ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမှာ ရှိတဲ့ မြန်မာသံရုံးကို သွားတယ်။ ဖောင်ဖြည့်ရန် စာရွက်ထုတ်တဲ့အခါမှာ မိမိ၏ဆန္ဒနဲ့ မကိုက်ညီတဲ့ အကြောင်းအရာ နှစ်ခ ျက်ကို တွေ့ရပါတော့သည်။

၁ အချက်က (မိမိရဲ့ ဆွေမျိုးများနှင့် တွေ့ဆုံရန် အလည်သက်သက်ဖြစ်ပြီး မည်သည့်အဖွဲ့အစည်း နှင့်မျှ ပါဝင် ပတ်သက် လုပ်ကိုင် ဆောင်ရွက်ခြင်း မပြုပါ ဟု ဝန်ခံ ကတိပြု လက်မှတ်ရေးထိုးရန်) ၊

၂ အချက်က (အလုပ်အကိုင် ကိုယ်ရေးသမိုင်းကြောင်း ရေးရန်)၊ တို့ ပါရှိပါသည်။

ဒီအချက်ပါ အကြောင်းအရာများကို သံရုံးအရာရှိနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါအရာရှိက (ဒီစာရွက်နှင့်ပတ်သက်ပြီး ထည့်သွင်းဖြည့်စွက်ခြင်း၊ လက်မှတ်ထိုးခြင်း ပြုလုပ်ရန်မလိုဘဲ ဗီဇာ ထုတ်ပေးမည်ဖြစ်ကြောင်း) ဖြေကြားပါသည်။

ကျမ ပြန်ဆွေးနွေးခဲ့တာကတော့ – (ဤခံဝန်ချုပ်ခြယ်သည့် အကြောင်းအရာများကို တရားဝင်ပယ်ဖျက်ပေးရန်)။ (သက်ဆိုင်ရာလူကြီးမင်းများထံ တင်ပြ ကူညီပေးပါရန်)။ ( အားလုံးတရားဝင်ပယ်ဖျက် ပြီးမှသာ ကျမ၏ဗီဇာကို လာလျှောက် တော့မည်)။

ထိုနောက် ကျမ ဗီဇာစာရွက်များကို မဖြည့်တော့ဘဲ အားလုံးပြန်ယူလာခဲ့ပါသည်။

ကျမဘဝမှာ မြန်မာနိုင်ငံကို ဆန့်ကျင်သည့် လုပ်ရပ်များ တခါမျှ မလုပ်ခဲ့။ မှန်တာလုပ်၊ ဟုတ်တာပြောသည်။ မတရားမှုကို ဆန့်ကျင်ခဲ့သည်။ သည့်အတွက် ... NLD ပါတီဝင်တယောက်အနေနဲ့ နိုင်ငံရေးပုဒ်မ (၅ည ၊ ၀၉၀၇/ စီ) ဖြင့် ထောင်ဒဏ် ၇ နှစ် ချမှတ်ခြင်း ခံခဲ့ရသည်။ ဥပဒေသည် နိုင်ငံတိုင်းမှာရှိသည်၊ လူတိုင်းသိသလို ကျမလဲ သိသည်၊ မတရားထောင်ချခံရသည်မှ လွဲ၍ (တရားသောဥပဒေ) ကို မချိုးဖောက်ခဲ့ပါ။

အင်းစိန်ထောင်မှ လွတ်ချိန် အများ လွတ်လူများ ပြန်သလို အိမ်ကို ချက်ချင်း ပြန်ချင်ခဲ့ပါသည်။ ထောင်ညွှန်မှူး စကားပြောဖို့ ထိုင်စောင့် နေခဲ့ရတဲ့ အချိန်၊ ဒါတင်မပြီးပဲ ပြည်ထဲရေးဝန်ကြီး မောင်ဦးက ၁၀ ဦးထဲ သီးသန့် စကားပြောဖို့ နေပေးခဲ့ရတဲ့ အချိန်တွေ ပြန်ပေးရခဲ့သေးသည်။ ထောင်ထဲက ထွက်ချိန်တန် လွတ်ချိန်တန် တချိန်တည်းနှင့် မထွက်ခဲ့ရဘဲ အချိန် လေး ငါးနာရီ နောက်ကျမှ အိမ်ပြန်ခဲ့ရတဲ့ အဖြစ်မျိုး ကျန်မတို့ ကြုံခဲ့ရ ပြီးပါပြီ။

ယခုလည်း ပြည်သူ့အစိုးရ တက်ပြီးပြီ။ အားလုံးသော အဝေးရောက် မြန်မာပြည်သူတွေ တခါတည်း တပြေးတည်း အတူတူ အိမ်ပြန်ခွင့် ရသင့်နေပြီ။ အိမ်ပြန်ခွင့် မရကြသေး။ အကြောင်းကြောင်းတွေနဲ့ အိမ်ပြန်နောက်ကျနေဆဲ။ အချိန်တွေ ပေးပြီး စောင့်ဆိုင်းနေရဆဲ ဖြစ်နေသည်။ ကျမ အိမ်ပြန်ချိန်ကို ပြင်ဆင်ပြီး စောင့်နေပါသည်။ ကျန်းမာရေးက ငယ်စဉ်ကလို မကောင်းတော့ပါ။ ဆရာဝန်က အနားယူခိုင်းနေသည်။ ဒီစာကို နည်းနည်း နားပြီးမှ ရေးရလို့ နောက်ကျသွားရပြန်ပါပြီ။

ကိုယ့် မိခင်နိုင်ငံကို ပြန်ချင်သူများ အားလုံး ဝန်ခံချက်တွေ လက်မှတ်ရေးထိုးရန် မလိုတော့ဘဲ အိမ်ပြန်နိုင်ကြစေရန် တောင်းဆိုအပ်ပါတယ်။

တင့်တင့်ညို (ဒလျှမ်ိနယ္)
ခေတ္တ အမေရိကန်ပြည်ထောင်စု



# “မြန်မာနိုင်ငံသားစစ်စစ် ကဝိအို အိမ်ပြန်နိုင်ပြီလား”

**ဒေါက်တာစိန်ဝင်းနဲ့ အင်တာဗျူး**
**(မိုုးမခ) ေမ ၇၊ ၂၀၁၈**

(ဓာတ်ပုံ – ဝါရှင်တန်ဒီစီမြို့တော်က ပြတိုက်တခုမှာ သားငယ် ပြည်လရောင်စိန်ဝင်းနဲ့အတူ တွေ့ရစဉ်)

ဧပြီလ တတိယပတ်နှောင်းပိုင်းက NLD ပါတီရဲ့ ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊ ပြည်ပရောက် မြန်မာ့အရေးလှုပ်ရှားသူ၊ သုတေသီတဦးဖြစ်တဲ့ ဦးခင်ကျော်ဟန်က သူ့ဖေ့စ်ဘွတ်မှာ – “အမေရိကန်နိုင်ငံမှာ အမြဲတန်းနေထိုင်ခွင့်ကဒ် ရရှိထားပြီး အမေရိကန်နိုင်ငံသား မခံယူထားသူ မြန်မာနိုင်ငံသားဟောင်းများမဟုတ်တဲ့ မြန်မာနိုင်ငံသားစစ်စစ်များ မိခင်နိုင်ငံ၏ နိုင်ငံကူးလက်မှတ် လျှောက်ထားလိုပါက လျှောက်ထားနိုင်သည့် အချက်အလက်များ” ကို ကောက်နုတ် ဖော်ပြထားတာ တွေ့ရှိရပါတယ်။

အမေရိကန်နိုင်ငံတွင် အမြဲနေထိုင်ခွင့်လက်မှတ်ဖြင့် နေထိုင်ပြီး အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသည့် မြန်မာနိုင်ငံသားပေါင်းမဟုတ်သူ မြန်မာနိုင်ငံသားစစ်စစ်များ မိခင်နိုင်ငံ၏ နိုင်ငံကူးလက်မှတ်လျှောက်ထားလိုပါက . . .

(၁) နိုင်ငံကူးလက်မှတ်တွင်ရေးသွင်းရမည့် ကိုယ်ရေးအချက်အလက် စာမျက်နှာ
(၂) နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများ ကောင်စစ်ရေးရာကိစ္စများဆောင်ရွက်ရာတွင်ဖြည့်စွက်ရမည့် ကိုယ်ရေးရာဇဝင်ပုံစံ
(၃) အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ကတ်ပြားမိတ္တူ
(၄) သံအမတ်ကြီးထံလိပ်မူရေးသားသည့် ကိုယ်ရေးလျှောက်လွှာတစ်စောင်
(၅) (၆)လအတွင်းရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ(၂)ပုံ [အရွယ်အစား ၂ လက်မ × ၂ လက်မ၊ နောက်ခံအဖြူ]နှင့်အတူ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဒါနဲ့ပဲ ဒေါက်တာစိန်ဝင်းကို ထပ်မံဆက်သွယ်ပြီး ပြည်တော်ပြန်နိုင်ဖို့အရေး ဘာတွေကို သက်ဆိုင်ရာက တုန့်ပြန်ထားသလဲ ဘယ်လို ဆောင်ရွက်နေသလဲ ဆိုတာ မေးမြန်းဖြစ်ခဲ့ပါတယ်။

*(မိုးမခ)* – ဆရာဒေါက်တာစိန်ဝင်းခင်ဗျ ... ဦးခင်ကျော်ဟန်က သူ့စာမျက်နှာမှာ "မြန်မာနိုင်ငံသားစစ်စစ်များ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားလိုပါက" ဆိုပြီး ကောက်နုတ်ရေးသားထားတာ တွေ့ရပါတယ်။ အဲသည်လို ရေးသားထားတာက သံရုံးဝက်ဆိုက်မှာ တိုက်ရိုက်ကြီးတော့ မတွေ့ရသေးဘူး။ ဒါကို အတည်ယူပြီး လျှောက်ကြရမှာလား။ ဆရာတို့ကော ဘယ်လို ဆောင်ရွက်ထားတယ်၊ သံရုံးက အကြောင်းပြန်ကြားမှု ရှိမရှိ၊ စသည်ဖြင့် အားလုံးသိကြရအောင် မေးခွင့်ပြုပါ။

(ဒေါက်တာစိန်ဝင်း) – ရပါတယ်။ ဒါဟာ အများအတွက် လုပ်ကြရတာမို့ လျှို့ဝှက်ထားစရာ မလိုပါဘူး။ မေးလာတဲ့အတွက်လည်း ဖြေခွင့်ရတာပေါ့ ခင်ဗျာ။

ကျနော်တို့က မြန်မာနိုင်ငံသားတွေအနေနဲ့ အိမ်ပြန်ဖို့အတွက် လုပ်ဆောင်ရမယ့် အဆင့်ဆင့်ကို သံရုံးကိုအီးမေးတွေကနေတဆင့် မေးမြန်းစုံစမ်းပါတယ်။ ဧပြီလ လဆန်းပိုင်းလောက်ကတည်းကပါ။ သူတို့က ဧပြီလ ၁၀ ရက်နေ့မှာ အီးမေးကနေ အကြောင်းပြန်ခဲ့ပြီး ပြီလို့ ဆိုပေမယ့် ကျနော်တို့ဆီ အဲသည်အီးမေး ရောက်မလာခဲ့ပါဘူး။

ဒါနဲ့ ဧပြီလ ၂၀ ရက်နေ့မှာ သံရုံးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကို အီးမေးနဲ့ ထပ်မံစုံးစမ်းပါတယ်။ အဲဒီ ၂၀ ရက်နေ့မှာပဲ ဝါရှင်တန်ဒီစီ မြန်မာသံရုံးကနေပြီးတော့ ဘယ်လိုဖောင်တွေ ဘယ်လိုလျှောက်လွှာတွေနဲ့ တင်ပါ၊ အဆင့်ဆင့် တင်ပြပေးပါ့မယ် လို့ အကြောင်းပြန်စာ အီးမေးကနေ ရရှိခဲ့ပါတယ်။

သူတို့ ညွှန်ကြားတာကနေ ကျနော် နားလည်မိတာကတော့ – နိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာကိစ္စများ လင့်ခ်ကနေ (http://www.mewashingtondc.org/content/citizen-services) တဆင့် [နိုင်ငံကူးလက်မှတ်အသစ် ထုတ်ပေးရန်လျှောက်ထားခြင်း] (လင့်ခ်ထည့်ထား) ကို သွားပြီးတော့ အဲသည်ဖိုင်တွဲထဲက စာမျက်နှာ ၄ ကနေ ၁၀ အထိ ခြောက်မျက်နှာရှိတဲ့ ဖောင်မှာ "နိုင်ငံကူးလက်မှတ်တွင် ဖြည့်သွင်းရမည့် ကိုယ်ရေးအချက်အလက်နဲ့ နိုင်ငံခြားရောက် မြန်မာများ ကောင်စစ်ရေးရာဆောင်ရွက်ရာတွင် ဖြည့်စွက်ရမည့် ကိုယ်ရေးရာဇဝင်" ဆိုတာကို ဖြည့်ကြရပါတယ်။ ([ဖိုင်က သည်နေရာမှာပါ])။ ဂရင်းကဒ်မိတ္တူ၊ ဓာတ်ပုံ ၂ ပုံ။ သံအမတ်ကြီးကို လိပ်မူပြီး ကိုယ်တိုင်ရေး လျှောက်လွှာတစောင် ပူးတွဲပြီး လျှောက်ကြရပါတယ်။

*(မိုးမခ) – ဟုတ်ကဲ့။ သည်တော့ ဧပြီလ ၂၀ ရက်နေ့ခန့်မှာ သံရုံးက အီးမေးကနေ အကြောင်းပြန်တယ်။ ဆရာတို့ မြန်မာနိုင်ငံသား နိုင်ငံကူးလက်မှတ် လျှောက်ထားလိုက်ကြပြီလား။*

(ဒေါက်တာစိန်ဝင်း) – ကျနော်တို့ မိသားစုနဲ့ ကျနော်တို့မိတ်ဆွေတွေကို ဒီအကြောင်းကို ပြောပြပါတယ်။ ဧပြီလကုန်မှာ စာရွက်စာတမ်းတွေ ပြင်ဆင်လို့ ပြီးပါတယ်။ ဒါနဲ့ ဧပြီလ ၃၀ ရက်နေ့မှာ စာတိုက်ကနေ ဝါရှင်တန်ဒီစီက မြန်မာသံရုံးကို လိပ်မူပြီး ပို့လိုက်ကြပါတယ်။

*(မိုးမခ) – အခုလို အကြောင်းပြန်လို့ သိရတော့ ဘယ်နှစ်ဦးလောက် ကနဦး လျှောက်ကြပါသလဲ။*

(ဒေါက်တာစိန်ဝင်း) – ကျနော်တို့ မိသားစုအပါအဝင် မိတ်ဆွေတွေနဲ့ ပေါင်း လူ ၉ ဦး ၊ ကလေး ၂ ဦး အပါအဝင် လျှောက်ထားကြပါတယ်။ မေလ ၂ ရက်နေ့လောက်ကတော့ သံရုံးက လက်ခံရရှိကြောင်း အီးမေးကနေ စာပြန်ပါတယ်။

*(မိုးမခ) – ဟုတ်ကဲ့။ လွန်ခဲ့တဲ့ ၂ နှစ်ခန့်တုန်းက ဘာမှ အကြောင်းမထူးခဲ့သော်လည်း အခုကျတော့ ထူးခြားမှုတွေ အရိပ်အယောင်မြင်ရပြီလို့ ဆိုရမှာပေါ့နော် ဆရာရေ။ ဆရာအနေနဲ့ ဘယ်လိုများ မျှော်လင့်ထားသလဲ။*

(ဒေါက်တာစိန်ဝင်း) – နှစ်ပေါင်းများစွာ ပြည်ပရောက်နေရတဲ့ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူ မွေးရာပါ မြန်မာနိုင်ငံသားများ ခံဝန်ချက်တွေ ထိုးစရာမလိုဘဲ လွတ်လပ်စွာ ပြည်တော်ပြန်နိုင်ရေးအတွက် ခုချိန်မှာ မြန်မြန်ဆန်ဆန် ဖြစ်လာစေချင်ပါတယ်။ အခုလက်ရှိ အစိုးရနဲ့ လွှတ်တော်တို့က ဝိုင်းဝန်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

ဒီအရေးက ကျနော်တို့မိသားစုအတွက်တင် မဟုတ်ပါဘူး၊ ကျနော်တို့လို ဘဝတူ ရပ်တည်ချက် ယုံကြည်ချက် တူညီကြတဲ့ မြန်မာနိုင်ငံသားမိသားစုတွေ အတွက်လည်း ဖြစ်ပါတယ်။ ဝက်ဆိုက်တွေမှာ ရှင်းရှင်းလင်း ထုတ်ပြန်ထားတာမျိုး မြင်ချင်ပါတယ်။ အကြောင်းပြန်ကြားရင်လည်း ထိရောက်မြန်ဆန်စေချင်ပါတယ်။ အားလုံး ဝိုင်းဝန်းပြီး လုပ်ကြရမယ့် ကိစ္စဖြစ်ပါတယ်။

နောက်ပြီးတော့ အခုလိုအချိန်မျိုးဟာ ပြည်တွင်း ပြည်ပက မြန်မာနိုင်ငံသားတွေ ကျနော်တို့တွေအားလုံးက  တိုင်းပြည်အကျိုးအတွက် အပူအပင်ကင်းကင်းနဲ့ ဆောင်ရွက်နိုင်ကြဖို့ ဆောင်ရွက်ဖို့အရေး လမ်းတွေ ပွင့်လင်းလွတ်လပ်လာဖို့ အချိန်အခါကောင်း ဖြစ်လာစေချင်ပါတယ်။ သည်လိုပဲ ပြောချင်ပါတယ်။

*(မိုးမခ) – ကျေးဇူးတင်ပါတယ်။*

ဧပြီလ ၁၀ ရက်နေ့က အမေရိကန်ပြည်မှာ ရောက်ရှိနေထိုင်နေသူ ဒေါက်တာစိန်ဝင်းကို မိုးမခက ဆက်သွယ်မေးမြန်းပြီး ကဝိအိုတယောက် အိမ်ပြန်ဖို့ စီစဉ်နေသလား၊ ဘယ်လိုများ ပြင်ဆင်နေတာရှိသလဲ စုံစမ်းခဲ့ပြီး အင်တာဗျူး တင်ဆက်ခဲ့ပြီးဖြစ်ပါတယ်။ ဆရာက မြန်မာနိုင်ငံသားစစ်စစ်၊ အသစ်လည်း မဟုတ်၊ အဟောင်းလည်း မဟုတ်။ မြန်မာ့ပြည်အရေးကို တစိုက်မတ်မတ် ရပ်တည်ဆောင်ရွက်နေသူတွေအနေနဲ့ ဂုဏ်သိက္ခာရှိရှိ မြန်မာပြည်သားစစ်စစ်တွေအနေနဲ့ အိမ်ပြန်နိုင်ကြရမယ်လို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါတယ်။ ယခင်အင်တာဗျူး သည်နေရာမှာ ဖတ်ရှုနိုင်ပါတယ်။ http://moemaka.com/archives/63663

***(မိုးမခဖြည့်စွက်ချက်များ)***

ဦးခင်ကျော်ဟန်က အောက်ပါ ဓာတ်ပုံဖိုင်များကို မျှဝေထားပါတယ်။ သံရုံးဝက်ဆိုက်က ဖိုင်များဖြစ်ပါတယ်။

နိုင်ငံကူးလက်မှတ်တွင် ရေးသွင်းရမည့် ကိုယ်ရေးအချက်အလက်

(လျှောက်ထားသူကိုယ်တိုင် အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ရပါမည်)

1. NAME (BLOCK LETTER) : ___________________________

2. DATE OF BIRTH(dd/mm/yyyy) : ___________________________

3. PLACE OF BIRTH (BLOCK LETTER) : ___________________________

4. SIGNATURE OF THE APPLICANT IN THE GIVEN BOX:

# <u>နိုင်ငံခြားရောက်မြန်မာနိုင်ငံသားများ ကောင်စစ်ရေးရာကိစ္စများဆောင်ရွက်ရာတွင် ဖြည့်စွက်ရမည့် ကိုယ်ရေးရာဇဝင်</u>

(Application for Consular Matters of the Myanmar Citizen living in abroad)

(၆)လအတွင်း ရိုက်ထားသည့် ရောင်စုံဓါတ်ပုံ ၂" X ၂" ပတ်လည်

ရှေ့တည့်တည့်ကြည့်ပြီး ဓါတ်ပုံနောက်ခံ အရောင်ဖျော့ ရပါမည်

၁။ အမည် (Name) ______________________

၂။ ငယ်နာမည် (Maiden name) ______________________

၃။ အခြားအမည်များ(ရှိလျှင်)(Other names if any) ______________________

၄။ မွေးသက္ကရာဇ်(ရက်/လ/နှစ်) (Date of birth, D/M/Y)______________________

၅။ မွေးဖွားရာဇာတိ(Place of birth)______________________

၆။ ကိုးကွယ်သည့်ဘာသာ(Religon)______________________

၇။ လူမျိုး(Race)______________________

၈။ ကိုင်ဆောင်ထားသော မြန်မာနိုင်ငံကူးလက်မှတ်အမှတ်(Passport No.)______________________

နေရာနှင့် ထုတ်ပေးသည့်ရက်စွဲ (Place & Date of Issue)______________________

၉။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားအဖြစ်အသိအမှတ်ပြုသည့်လက်မှတ်အမှတ်/ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်

(National Reg./Citizenship/National Scrutiny Card No.)______________________

၁၀။ အရပ်(Height)______________________။ ၁၁။ ကိုယ်အလေးချိန်(Weight)______________________

၁၂။ ဆံပင်အရောင်(Hair color)______________________။ ၁၃။ မျက်စေ့အရောင်(Eyes color)______________________

၁၄။ ထင်ရှားသည့်အမှတ်အသား (Distinguish marks)______________________

၁၅။ နိုင်ငံခြားသို့ မည်သည့်အချိန်ကရောက်ရှိသည်(Date of arrival)______________________

၁၆။ မည်သည့်ကိစ္စဖြင့်ရောက်ရှိသည်(Purpose of migration/Visit)______________________

၁၇။ လက်ရှိအလုပ်အကိုင်(ရာထူး) (Present occupation and designation)______________________

အလုပ်ဌာန(လိပ်စာ)(Work address)______________________

______________________ဖုန်း(Phone)______________________

၁၈။ ရရှိသောလစာ(Monthly Salary)______________________

၁၉။ မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်း ရှိ/မရှိ(Whether remittance have been made to Myanmar Y/N)______________________

၂၀။ မည်သည့်အချိန်ကစ၍ နိုင်ငံခြားတွင်အလုပ်လုပ်နေသည်(Date of starting work in USA)______________________

၂၁။ မည်သည့်အချိန်တွင် နိုင်ငံခြားတွင်အလုပ်လုပ်ခြင်းပြီးဆုံးမည်________________

(Expected date of completion of work in USA)(D/M/Y)________________

၂၂။ မည်သည့်ပညာရပ်များသင်ကြားနေသည်(Which educational course you been attending)________________

(အဆင့်နှင့်တကွဖော်ပြရန်)(Clarify the level of studies)________________

၂၃။ ပညာသင်ဌာနစာတိုက်လိပ်စာအပြည့်အစုံ(School or University full add: )________________

________________

၂၄။ ပြီးဆုံးမည့်ပညာသင်နှစ်(End of academic year)________________

၂၅။ ပညာသင်ရန် စရိတ်/အထောက်အပံ့ မည်သူမှရရှိသည်________________

၂၆။ မှီခိုသူဖြစ်လျှင် မည်သူ့ကိုမှီခိုနေသည်(လိပ်စာနှင့်တကွဖော်ပြရန်)________________

(If dependent, guardian or parents name & address)________________

________________

၂၇။ နိုင်ငံခြားသားနှင့် အိမ်ထောင်ပြုခြင်း ရှိ/မရှိ (Whether you are married to a foreigner Y/N)________________

၂၈။ ရှိလျှင် မည်သည့်နေ့က အိမ်ထောင်ပြုသည် (If yes, When D/M/Y)________________

၂၉။ မည်သည့်လူမျိုးနှင့်အိမ်ထောင်ပြုသည် (Race of spouse)________________

၃၀။ မည်သည့်အချိန်တွင် မြန်မာနိုင်ငံသို့ပြန်လာမည်(Expected date of return)________________

၃၁။ နိုင်ငံခြားသားအဖြစ်ခံယူရန် ရည်ရွယ်ခြင်း ရှိ/မရှိ (Whether applicant intends to naturalized Y/N)________________

၃၂။ လက်ရှိနေရပ်လိပ်စာ (အမေရိကန်) ________________

(Present Address in USA) ________________

ဖုန်း (Phone) ________________

၃၃။ အမြဲတမ်းနေရပ်လိပ်စာ(မြန်မာနိုင်ငံ) ________________

(Address in Myanmar) ________________

ဖုန်း (Phone) ________________

၃၄။ ပညာအရည်အချင်း (Education) ________________

၃၅။ ပညာဆည်းပူးခဲ့သော/သင်တန်းတက်ခဲ့သော ကျောင်း/ကောလိပ်/တက္ကသိုလ်/အလုပ်ဌာန/သင်တန်းအမည်များ

(Place of Studies: School/College/ University/ Work)-

| ခုနှစ်မှ<br>(Year from) | ခုနှစ်ထိ<br>(Year to) | ကျောင်း/တက္ကသိုလ်/အလုပ်ဌာန/သင်တန်းအမည်<br>(School/Cleg/Uni.) | တည်ရာအရပ်<br>(Place)City&State | အဆင့်<br>(Level) |
|---|---|---|---|---|
| | | | | |

၃၆။ လျှောက်ထားသူ၏ ဖခင်နှင့် ဖခင်၏ မောင်နှမအရင်းအချာများ -

(Applicant's Father & his immediate brothers and sisters)

| အမည်<br>အခြားအမည်ရှိလျှင်ဖော်ပြရန်<br>(Name) | တော်စပ်ပုံ<br>(Relationship) | ကျား/မ<br>(Sex) | နိုင်ငံသား<br>(Nationality) | အလုပ်အကိုင်နှင့်နေရပ်<br>(Occupation & Address) | မှတ်ချက်<br>(Remark) |
|---|---|---|---|---|---|
| | | | | | |

၃၇။ လျှောက်ထားသူ၏ မိခင်နှင့် မိခင်၏ မောင်နှမအရင်းအချာများ -
(Applicant's mother & her immediate brothers and sisters)

| အမည်<br>အခြားအမည်ရှိလျှင်ဖော်ပြရန်<br>(Name) | တော်စပ်ပုံ<br>(Relationship) | ကျား/မ<br>(Sex) | နိုင်ငံသား<br>(Nationality) | အလုပ်အကိုင်နှင့်နေရပ်<br>(Occupation & Address) | မှတ်ချက်<br>(Remark) |
|---|---|---|---|---|---|
| | | | | | |

၃၈။ လျှောက်ထားသူ၏ မောင်နှမအရင်းအချာများ -
(Particulars of applicant's immediate brothers and sisters)

| အမည်<br>အခြားအမည်ရှိလျှင်ဖော်ပြရန်<br>(Name) | တော်စပ်ပုံ<br>(Relationship) | ကျား/မ<br>(Sex) | နိုင်ငံသား<br>(Nationality) | အလုပ်အကိုင်နှင့်နေရပ်<br>(Occupation & Address) | မှတ်ချက်<br>(Remark) |
|---|---|---|---|---|---|
| | | | | | |

၃၉။ လျှောက်ထားသူ၏ ဇနီး/ ခင်ပွန်း -
(Particulars of applicant's Spouse)

| အမည်<br>အခြားအမည်ရှိလျှင်ဖော်ပြရန်<br>(Name) | တော်စပ်ပုံ<br>(Relationship) | ကျား/မ<br>(Sex) | နိုင်ငံသား<br>(Nationality) | အလုပ်အကိုင်နှင့်နေရပ်<br>(Occupation & Address) | မှတ်ချက်<br>(Remark) |
|---|---|---|---|---|---|
| | | | | | |

၄၀။ လျှောက်ထားသူ၏ ဇနီး/ ခင်ပွန်း၏ ဖခင်နှင့် ဖခင်၏ မောင်နှမအရင်းအချာများ -
(Particulars of Spouse's father & his brothers and sisters)

| အမည် အခြားအမည်ရှိလျှင်ဖော်ပြရန် (Name) | တော်စပ်ပုံ (Relationship) | ကျား/မ (Sex) | နိုင်ငံသား (Nationality) | အလုပ်အကိုင်နှင့်နေရပ် (Occupation & Address) | မှတ်ချက် (Remark) |
|---|---|---|---|---|---|
| | | | | | |

၄၁။ လျှောက်ထားသူ၏ ဇနီး/ ခင်ပွန်း၏ မိခင်နှင့် မိခင်၏ မောင်နှမအရင်းအချာများ -
(Particulars of Spouse's mother & her brothers and sisters)

| အမည် အခြားအမည်ရှိလျှင်ဖော်ပြရန် (Name) | တော်စပ်ပုံ (Relationship) | ကျား/မ (Sex) | နိုင်ငံသား (Nationality) | အလုပ်အကိုင်နှင့်နေရပ် (Occupation & Address) | မှတ်ချက် (Remark) |
|---|---|---|---|---|---|
| | | | | | |

၄၂။ လျှောက်ထားသူ၏ သားသမီးများနှင့် ၎င်းတို့၏ ဇနီး/ ခင်ပွန်းများ -
(Particulars of applicant's sons and daughters and their spouse)

| အမည်<br>အခြားအမည်ရှိလျှင်ဖော်ပြရန်<br>(Name) | တော်စပ်ပုံ<br>(Relationship) | ကျား/မ<br>(Sex) | နိုင်ငံသား<br>(Nationality) | အလုပ်အကိုင်နှင့်နေရပ်<br>(Occupation & Address) | မှတ်ချက်<br>(Remark) |
|---|---|---|---|---|---|
| | | | | | |

၄၃။ နိုင်ငံခြားသို့ ရောက်ရှိနေကြသည့် လျှောက်ထားသူ၏ ဆွေမျိုးများ -
(Particulars of applicant's relatives staying abroad)

| အမည်<br>အခြားအမည်ရှိလျှင်ဖော်ပြရန်<br>(Name) | တော်စပ်ပုံ<br>(Relationship) | ကျား/မ<br>(Sex) | နိုင်ငံသား<br>(Nationality) | အလုပ်အကိုင်နှင့်နေရပ်<br>(Occupation & Address) | မှတ်ချက်<br>(Remark) |
|---|---|---|---|---|---|
| | | | | | |

အထက်တွင်ဖော်ပြခဲ့သည့် အချက်များအားလုံး မှန်ကန်ကြောင်း အောက်တွင် လက်မှတ်ရေးထိုးပါသည်။
(Applicant sworn in, that the contents completed in this form are true and correct and if there any false entry in this form will liable for prosecution (or) will be rejected for consideration.)

လျှောက်ထားသူလက်မှတ်
(Applicant Signature)

ရက်စွဲ ______________________
(Dated)(D/M/Y)


2016 file photo, at Suu visit in USA

# ဒေါက်တာစိန်ဝင်း – "မြန်မာနိုင်ငံသားစစ်စစ်၊ နိုင်ငံသားဟောင်းလဲ မဟုတ်ဘူး၊ နိုင်ငံသားအသစ်လဲ မဟုတ်ဘူး"

(မိုးမခ အင်တာဗျူး) ဧပြီ ၁၀၊ ၂၀၁၈

> ကျနော်တို့က ဒီမိုကရေစီအရေးအတွက် တိုင်းပြည်က ထွက်သွားတဲ့လူတွေဗျ။ ဒီပြင်တိုင်းပြည်တွေမှာလည်း သည်လိုလူမျိုးတွေ မျိုးဆက်တွေ ရှိခဲ့တာပါ။ ဒီပြင်တိုင်းပြည်တွေမှာ သည်လိုအရေးကိစ္စတွေကို အလေးအနက်ထား စဉ်းစားပြီး ရှင်းလင်းထားတာတွေ စီစဉ်ထားတာတွေ ရှိပါတယ်။ လေ့လာကြည့်ရင် တွေ့နိုင်ပါတယ်ဗျာ။ သို့သော်လည်းပဲ တဖက်သတ်ပေါ့ဗျာ။ ကျနော်တို့ကို နိုင်ငံသားဟောင်းဆိုပြီး လုပ်တာကျတော့ .... ကျနော်တို့က နိုင်ငံသားအဟောင်းလဲ မဟုတ်ဘူးဗျ။ နိုင်ငံသားအသစ်လည်း မဟုတ်ဘူးဗျ။ မြန်မာပြည်နိုင်ငံသားပဲ။ အဲဒါကိုတော့ ကျနော်တို့ မလျှော့ဘူး။

**မိုးမခ – ဆရာ နေကောင်းပါလားခင်ဗျ။ ကျန်းမာရေးကော ကောင်းရဲ့လား။**

ဒေါက်တာစိန်ဝင်း – ကောင်းပါတယ်ခင်ဗျ။ ကောင်းတယ်ဆိုသော်လည်း ဆေးတွေတော့ စားနေရတာပေါ့။ ကျနော်က နှလုံးရောဂါတော့ ရှိတယ်လေ။ သည်တော့ ဆေးတွေ စားနေရတာပေါ့။ ကျန်တာ အိုကေပါတယ်။

**မိုးမခ – ဆိုတော့ ခရီးသွားတာတို့ ဘာတို့အတွက်ကျတော့ကော ဆရာ။**

ဒေါက်တာစိန်ဝင်း – ခရီးမသွားတော့ပါဘူး။ အိမ်မှာပဲ နေပါတယ်။ သွားနိုင်လာနိုင်တော့ ရှိပါတယ်။

**မိုးမခ – ခရီးသွားတယ်ဆိုလို့ ခုထိလည်း ဆရာတို့ မြန်မာပြည်လည်း မပြန်ဖြစ်သေးဖူးပေါ့နော်။**

ဒေါက်တာစိန်ဝင်း – ဘယ်ပြန်ဖြစ်ဦးမလဲ။ အဆင်မပြေသေးပါဘူး။

**မိုးမခ – လွန်ခဲ့တဲ့ ၂ နှစ်က ဆရာတို့ မြန်မာပြည်ကို ပြန်ဖို့ လုပ်ကြတယ်။ အဆင်မပြေဘူးလို့ ကြားရတယ်။ အဲဒါက ဘယ်လိုဆက်ဖြစ်နေသေးလဲ။**

ဒေါက်တာစိန်ဝင်း – ကျနော်တို့က လျှောက်တော့ အဲသည်တုန်းက ပြဿနာက ခံဝန်ချက်တွေ ထိုးရတာ။ နိုင်ငံရေးမလုပ်ပါဘူးတို့ ဘာတို့ ခံဝန်ချက်တွေ ထိုးရတယ်။ အဲဒါကို ကျနော်တို့က မကြိုက်ဘူး။ နောက်တခါ တချို့လူတွေက ဝင်ပြောတယ်။ ဒါတွေက waiver ပေါ့။ (ချွင်းချက်ပေးသည်၊ လျှော့ပေါ့ပေးသည် အနေဖြင့်) လက်မှတ်ထိုးစရာမလိုပါဘူးလို့ ပြောတယ်။ သို့သော်လည်း ဝက်ဆိုက်မှာ စာနဲ့ရေးထားတယ်။ written လုပ်ထားတယ်။ ပြီးတော့ မထိုးလည်း ရပါတယ် ဆိုတာကျတော့ ဒါဆို အစကတည်းက ဝက်ဆိုက်ထဲမှာ ထည့်ထားသလဲ။

ဗမာပြည်မှာ အခြေအနေက ပြောင်းနေပြီ။ ဒေါ်အောင်ဆန်းစုကြည်တို့ ရွေးကောက်ပွဲ အနိုင်ရတယ်။ ဒီမိုကရေစီကို သွားနေပြီ။ ဒါဆိုရင် လွယ်လွယ်ကူကူ ဖြစ်ရမှာပေါ့ဗျာ။ တိုင်းပြည်ထဲ ဝင်တယ်ဆိုရင် တိုင်းပြည်ရဲ့ ဥပဒေတွေနဲ့ မကျေနပ်ရင် ပြန်မောင်းထုတ်လို့ ရတယ်။ မောင်းထုတ်လို့ရတာပဲလေ။ ဒီပြင်တိုင်းပြည်တွေမှာလည်း သည်လိုပဲ မဟုတ်လား။ ဒီလို ရှိပြီးသားဆိုတော့ အခုလို ဝန်ခံချက်ကြီးတွေ ထိုးရတာက မဟန်ဘူးပေါ့ဗျာ။ တိုင်းပြည်ကို ဟိုဟာမလုပ်ပါဘူး၊ ဒီဟာ မလုပ်ပါဘူး။ ကျနော်တို့က ဘယ်လိုတုန်း အဲသလို လုပ်နေလို့လဲ။ အဲသည်တော့ မသွားဖြစ်ဘူး။

**မိုးမခ – အဲသည် ၂၀၁၆ အောက်တိုဘာလထဲမှာ ထင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ပြည်လာတော့ မြန်မာပြည်သားတွေနဲ့ တွေ့တဲ့အခါကျတော့ အဲသည်လို ခံဝန်ချက်တွေ ထိုးစရာ မလိုပါဘူး။ ဒါဟာ အရင်အစိုးရရဲ့ ကန့်သတ်ချက်သာဖြစ်တယ်။ ဒါတွေကို လိုအပ်သလို ပြုပြင်သွားမယ်။ ပြီးတော့ မြန်မာပြည် ပြန်လည်ထူထောင်ရေးအတွက် မြန်မာပြည်ဖွားများရဲ့ အင်အားကို အထူးလိုအပ်နေတယ်။ ကြိုဆိုနေတယ်လို့ ပြောသွားပါတယ်။ သို့သော်လည်း ပြည်ပရောက်နေတဲ့ မြန်မာပြည်ဖွားများ အိမ်ပြန်ချင်တဲ့အခါ *social visa* လျှောက်ရတယ်။ အဲသည်မှာ *(၁)* လက်ရှိအလုပ်အကိုင်ကလွဲရင် အခြားဘယ်အလုပ်ကိုမှ အခနဲ့ဖြစ်စေ အခမဲ့ဖြစ်စေ မလုပ်ရဘူး၊ *(၂)* တည်ဆဲဥပဒေများကို လိုက်နာရမယ်၊ ပြည်တွင်းရေးကို စွက်ဖက်ခြင်း မလုပ်ရဘူး။ *(၃)* ဥပဒေတွေကို ဖောက်ဖျက်ရင် အရေးယူခြင်းကို ခံယူပါမည် ဆိုတဲ့ သတ်မှတ်ချက်တွေ ရေးထားတယ်။ ပြီးတော့ အဲသည်ခံဝန်ချက်ကို လက်မှတ်ထိုးတာဟာ ကိုယ့်ကိုယ်ကို မြန်မာနိုင်ငံသားဟောင်းတဦးအဖြစ် လက်ခံပြီး *social visa* လျှောက်ထားတဲ့ သဘောတခါတည်း သက်ရောက်သလို ဖြစ်နေတယ်။ အဲသည်အချက်ကို ဆရာ့အနေနဲ့ ဘာထပ်ပြောချင်သလဲ။ မြန်မာနိုင်ငံသားအဖြစ်ကို မစွန့်လွှတ်ဘဲ အခြားနိုင်ငံသားလည်းမခံယူဘဲ တောက်လျှောက်နေနေတဲ့ ဆရာတို့အနေနဲ့ ဘယ်လို ပြောမလဲ။**

ဒေါက်တာစိန်ဝင်း – နိုင်ငံရေးမလုပ်ပါဘူးဆိုတာ တော်တော် ဂွကျတယ်။ ဟိုတုန်းက ရေးထားတာ။ အခုကျတော့ ဟိုဟာမလုပ်ရဘူး ဒီဟာ မလုပ်ရဘူးလို့ ဆိုထားတာတွေ ဆက်ရှိနေတယ်။ ပြီးတော့ အဲသည် ဖောင်ကို လက်မှတ်ထိုးလိုက်တာဟာ ကိုယ့်ကိုယ်ကို ဘာအချက်ကို တခါတည်း ဝန်ခံရာရောက်နေသလဲဆိုတော့ အခု ကျနော်ဟာ "နိုင်ငံသားဟောင်း" တဦးဖြစ်သွားပြီလို့ ခံဝန်လိုက်ရာပါ ရောက်သွားတယ်။ ကျနော်တို့က မြန်မာပြည်သားပဲ။ ပြည်တွင်းက ထွက်လာကတည်းက မြန်မာပြည်သားပဲ။ မှတ်ပုံတင်ရှိတယ်။ ဦးသိန်းစိန်လက်ထက်ကတည်းက ကြေညာတယ်။ ဘလက်လစ်စ်ကနေ ဖယ်ရှားပေးတယ်။ သူတို့အဆိုအရ black list ဆိုပေမယ့် ကျနော်တို့အတွက် honor list ပဲ။ အခုနောက်ပြီးတော့လည်း ရင်ကြားစေ့ရေးလုပ်နေချိန်မှာ ဒါတွေ မရှိသင့်တော့ဘူး။ လွယ်လွယ်ကူကူ ဖြစ်ရမယ်။ တခုခု ပြောစရာရှိရင်လည်း ပြောင်ပဲပြော၊ ပွင့်ပွင့်လင်းလင်းပြော။ အေး ခင်ဗျားကို မပေးနိုင်ဘူး။ ဒီအချက် ဒီအချက်တွေကြောင့်ရှိတယ်။ ဒါ့ကြောင့် မပေးနိုင်ဘူး။ သို့သော် ဝန်ခံချက်ထိုးရမယ်ဆိုတာကတော့ မဟုတ်ဘူးပေါ့ဗျာ။

**မိုးမခ – ပြည်ပရောက် မြန်မာနိုင်ငံသားတွေနဲ့ ပတ်သက်ပြီးတော့ ဦးသိန်းစိန်အစိုးရကပဲဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်အစိုးရကပဲဖြစ်ဖြစ် လွတ်ငြိမ်းချမ်းသာခွင့်ပေးသလိုမျိုး၊ လျော့ပေါ့ခွင့်ပေးသလိုမျိုး အားလုံးကို *blanket statement* ကြေငြာတာမျိုး မရှိခဲ့ဘူး။ ပြည်တွင်းက နိုင်ငံရေးအကျဉ်းသားတွေကိုတော့ အကြိမ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တယ်။ ပြည်ပရောက် မြန်မာနိုင်ငံသားအဖြစ်ကို မစွန့်လွှတ်ဘဲ နေနေတဲ့သူတွေကျတော့ ဘာထုတ်ပြန်ချက်မှ မရှိဘူးဆိုတဲ့ သဘောဖြစ်နေတာပေါ့ဆရာ။**

ဒေါက်တာစိန်ဝင်း – အရင်က ကျနော်တို့ကို black list ထဲမှာ ထည့်ထားတယ်။ black list ဆိုတာက ဗီဇာမပေးဘူး။ နောက်တော့ အပြောင်းအလဲတွေဖြစ်တယ်။ ဒါတွေကို ဖယ်ပစ်တယ်ဆိုတာ ကြေညာတယ်။ ကျနော်တို့ နာမည်တွေက ထိပ်ဆုံးကပေါ့ဗျာ။ အဲသည်ထဲက နာမည်တွေကိုပေါ့ဗျာ။ black list ထဲက ဖယ်ရှားလိုက်တယ်လို့ ကြေညာတယ်။ ဒီတခုပဲ ကျနော်တို့ သိတယ်။ လွတ်ငြိမ်းချမ်းသာခွင့်တွေ ဘာတွေတော့ ကြေညာတယ်တော့ ကျ ျနော် မကြားဘူး၊ မသိဘူး။ ပြီးတော့ ဘလက်လစ်ကနေ ဖယ်ရှားပြီးတော့ ပြန်လာပါ ပြန်လာရင်လက်ခံမယ်၊ တိုင်းပြည်က ပြောင်းလဲနေပါပြီ။ မြန်မာပြည်မှာ ပြန်လာလို့ ရပြီ။ တိုင်းပြည်အကျိုးကိုလည်း လုပ်လို့ရပါပြီလို့ ဖိတ်ခေါ်တယ် ကြေညာတယ်။ ဒါတော့ လုပ်တယ်။ ကျန်တာတော့ မပါဘူး။ ဒါပေမယ့် တဖက်ကနေ ဝန်ခံချက်တွေ ထိုးရတယ်။ နိုင်ငံရေးမလုပ်ပါဘူးတို့ ဘာတို့တွေ ပါနေတယ်။

**မိုးမခ – ဟုတ်ကဲ့ဆရာ။ အဲသည်မှာ *social visa* လျှောက်တဲ့ဆီမှာ ဝန်ခံချက်ထိုးခိုင်းတဲ့ဆီမှာ ရေးထားတာက မြန်မာနိုင်ငံသားဟောင်းတွေအတွက်လို့ ဆိုထားတယ်လေ။ မြန်မာနိုင်ငံသားအဖြစ် ဆက်လက် ခံယူထားတဲ့သူတွေကို ပြောတာမဟုတ်ဘဲ အခြားနိုင်ငံသားခံယူထားသူတွေ အခြားခရီးသွားလက်မှတ်ကိုင်ထားသူတွေ ကိုင်ဆောင်ထားသူလို့ ဆိုထားတယ်။ ဆရာတို့အတွက်ကျတော့ မြန်မာနိုင်ငံသားအဖြစ် မစွန့်လွှတ်ခဲ့ဘူး၊ *black list* ကလည်း ဖယ်ရှားထားပြီးသားဖြစ်နေတယ်။ ပြန်ဖို့ကိုလည်း ဖိတ်ခေါ်ထားတယ်။ ပြန်ဖို့အတွက် ပြင်ဆင်တဲ့အခါကျတော့ ဆရာတို့လို မြန်မာနိုင်ငံသားမစွန့်လွှတ်သူ မြန်မာနိုင်ငံသားဟောင်းလို့ ဝန်မခံသူအတွက်ကျတော့ ကဏ္ဍတခုအဖြစ် ပါမလာဘူး။ သည်တော့ *social visa* လျှောက်ပြန်ရင်လည်း ခံဝန်ချက်တွေ ပါလာပြန်ရော၊ နိုင်ငံသားဟောင်းလို့ ကိုယ့်ဖာသာကိုယ် စွန့်လွှတ်တဲ့ ပုံစံကို လက်မှတ်ထိုးရသလို ဖြစ်နေပြန်ရော ဆိုတော့ အခု မြန်မာအစိုးရလုပ်ထားတာက အဝေးရောက် မြန်မာနိုင်ငံသားတွေကို သည်ကန့်သတ်ချက်တွေထဲမှာ ကိုယ့်ဖာသာကိုယ် ချုပ်မိနေအောင် လုပ်ထားသလို ဖြစ်မနေဘူးလား။ သည်တော့ ဆရာတို့ကိုယ်တိုင်က သံရုံးကို ဆက်သွယ်ပြီးတော့ ငါတို့က မြန်မာနိုင်ငံသားအဖြစ်ကနေ စွန့်လွှတ်ထားတာမဟုတ်ဘူး။ ငါတို့ တိုင်းပြည်ကို လွတ်လပ်စွာ ဂုဏ်သိက္ခာရှိရှိ ပြန်နိုင်ဖို့အတွက် ငါတို့ကို မြန်မာနိုင်ငံသား နိုင်ငံကူးလက်မှတ် ထုတ်ပေးပါလို့ တောင်းဆိုထားတာ၊ မေးမြန်းထားတာကော မရှိဘူးလား။**

ဒေါက်တာစိန်ဝင်း – ကျနော်တို့ စပြီးတော့ စုံစမ်းပါတယ်။ သံရုံးထံကိုပေါ့။ ဒါပေမယ့် ဘာသံမှ မကြားဘူး။ နောက်ပြီးတော့ ဒီလိုကိစ္စမျိုးတွေဆိုတာ မခက်ပါဘူး။ ဘယ်လိုအခြေအနေမျိုးတွေမှာ ဘယ်လို procedure နဲ့ တောင်းရတယ်၊ ဘယ်လောက်ကြာတယ်ဆိုတာ သတ်မှတ်ပေးဖို့ လွယ်လွယ်လေးပဲ။ ခြွင်းချက်ရှိတယ်ဆိုရင်လည်း ခြွင်းချက်နဲ့ သတ်သတ်လုပ်ပေါ့။ ယေဘူယျအားဖြင့် နိုင်ငံခြားသားလည်း မခံယူထားဘူး၊ မြန်မာနိုင်ငံသားတွေ အပြင်ရောက်လာတဲ့သူတွေကို ပြန်လက်ခံမလား မလက်ခံဘူးလား၊ ဘယ်လိုပုံစံနဲ့ လက်ခံမလဲ။ ဘယ်လောက်ကြာမလဲဆိုတာ စသည်အားဖြင့် တခုခုတော့ ကြေညာရမယ်လေ။ အခုဟာက နှစ်ပေါင်းကြာပြီဗျ။ မနေ့တနေ့ကမှ ဖြစ်တာ မဟုတ်ဘူးလေ။ သည်တော့ ဒီကိစ္စကို ရှင်းရှင်းလင်းလင်း သိဖို့ လုပ်ဖို့ လိုတယ်လေ။ ကျနော်တို့ ဝက်ဆိုက်တွေ တယ်လီဖုံးတွေ ရှိပါတယ်ဆိုပြီးပြောနေပေမယ့် ဒါကို သီးသန့် ထုတ်ပြန်ထားတာ

မတွေ့ဘူးဗျ။ ပြီးတော့ အစောက ပြောထားတဲ့ အခြားအဆင်ပြေတာနဲ့ လက်ခံတယ်။ မြန်မာနိုင်ငံသားဟောင်းဆိုရင်တော့ လက်ခံတယ်။ ကျနော်တို့က နိုင်ငံခြားသားမဟုတ်ဘူးလေ။

နိုင်ငံခြားသားအဖြစ်လည်း မခံယူဘူးဆိုသော်လည်း သူနေထိုင်တဲ့နိုင်ငံက ခရီးသွားလက်မှတ်နဲ့ ပြန်လာပြန်တော့လည်း ဗမာနိုင်ငံသားမဟုတ်တော့ဘူးလို့ သူတို့က လျောက်လွှာနဲ့ ခံဝန်ချက်နဲ့ ဝန်ခံခိုင်းထားသလို ဖြစ်နေတယ်လေ။ ကျနော်တို့က မြန်မာနိုင်ငံသားပဲဗျ။ ကျနော့်မှာ မှတ်ပုံတင်ရှိတယ်။ ကျနော့် အဖေတွေ အမေတွေကိုလည်း အားလုံးက သိနေကြတာပါပဲ။ မြန်မာနိုင်ငံသားတွေပဲ။ ပြန်လာရင် ပြန်လက်ခံဖို့ officially ဖြစ်ဖို့ လိုတယ်။ ကျနော်တို့ ထွက်လာကတည်းက အပြင်မှာ နေဖို့ ထွက်လာတာမဟုတ်ဘူး၊ ပြန်ဖို့။ ဒါကို သူတို့အနေနဲ့က အားလုံး ပြောင်းလဲနေပါပြီလို့ ပြောထားတယ်။ သည်တော့ ကျနော်တို့မှာ ခရီးသွားလက်မှတ်လိုတယ်။ လက်ခံတဲ့ တိုင်းပြည်က ခရီးသွားလက်မှတ်ထုတ်ပေးတယ်။ ဒါက ထုံးစံပဲ။ ဒါကို တဖက်လှည့်ပြီးတော့ ခင်ဗျားတို့ကိုင်လာတာ နိုင်ငံခြားခရီးသွားလက်မှတ်နဲ့ နိုင်ငံခြားသားပဲလို့ ပြောတာ သတ်မှတ်တာက မဟုတ်သေးဘူးဗျ။ ကျနော်တို့ ကြားသိနေရတာတွေ ရှိနေတယ်။

ပြီးတော့ ကျနော်တို့ကို ဖိတ်ခေါ်ပါတယ်။ လာကြပါ။ ဝိုင်းဝန်းကြပါလို့ ပြောနေတယ်။ တိုင်းပြည်မှာ လိုအပ်ပါတယ်လို့ ပြောကြပြန်ရော။ တကယ်တန်းက ဒီကိစ္စကို ပြေလည်စေဖို့က ဘာမှ ခက်တာမဟုတ်ပါဘူး။ ဒီလို ရှိတယ်။ ဒီအတွက် လုပ်စရာရှိတာက သည်လိုရှိတယ်။ နိုင်ငံကူးလက်မှတ်ပြန်လျောက်ပေးဖို့ဆိုရင် သည်လို လုပ်ပေးလို့ ရတယ် ဆိုရင် ဖြစ်ရမှာပေါ့။

ကျနော်တို့က အဟောင်းတွေ အသစ်တွေကို ပြောနေတာ မဟုတ်ဘူး။ ကျနော်တို့က ဘယ်တုန်းကမှ အခြားနိုင်ငံသား မခံယူဘူး။ သူများတိုင်းပြည်မှာ စီတင်ဇင်မဟုတ်ဘူး။ မြန်မာပြည်သား စစ်စစ်။ မိဘတွေကလည်း မြန်မာပြည်သားစစ်စစ်။ ဘိုးဘွားတွေကလည်း မြန်မာပြည်သားစစ်စစ်။ ကျနော်တို့မှာ ဖြတ်သန်းမှုရှိတယ်။ ဒါကို ကျနော်တို့ကို မြန်မာနိုင်ငံသားဟောင်းလို့ ခံဝန်ချက် ထိုးခိုင်းလိုက်တာနဲ့ ကျနော်တို့က ဘာဖြစ်သွားလဲ။ ကျနော်တို့ကို ခင်ဗျားတို့က မြန်မာနိုင်ငံသားစစ်စစ်ဖြစ်ပါတယ်ဆိုတာကို လက်ခံပြီးတော့ ကျနော်တို့ကို မြန်မာနိုင်ငံသားတဦးအနေနဲ့ နိုင်ငံကူးလက်မှတ် ဘယ်တော့ ထုတ်ပေးမှာလဲ။ သူတို့မှာ procedure ရှိရမယ်လေ။ အခုကျတော့ အချိန်တွေကို ဆွဲပြီးတော့ နှစ်ပေါင်းများစွာ ကြာနေရတာကတော့ အဓိပ္ပါယ် မရှိဘူးလေ။

**မိုးမခ – အင်း … မနိုင်းကောင်း နှိုင်းကောင်းပေါ့ဆရာရယ်။ ရခိုင်ပြည်မြောက်ပိုင်းဒေသက အကြမ်းဖက်ဖြစ်စဉ်တွေကြောင့် ဘင်္ဂလားဒေ့ချ်နယ်စပ်ကိုကျော်ပြီး နေရပ်စွန့်ခွာ ထွက်ပြေးရတဲ့ ဒုက္ခသည်တွေ လက်တလောမှာကို သိန်းနဲ့ချီပြီး ရှိလာတယ်။ အခုသူတို့ကို နိုင်ငံတကာဖိအားတွေ ပြည်ပက စွက်ဖက်တာတွေနဲ့ သူတို့ကို မြန်မာအစိုးရက ပြန်လည်စိစစ်ပြီး လက်ခံနေတဲ့ လုပ်ငန်းစဉ်တွေ ရှိနေတယ်။ ရှိလာတယ်။ နှစ်ပေါင်းများစွာ မြန်မာပြည် ဒီမိုကရေစီရေး လူ့အခွင့်အရေး လွတ်လပ်ရေးအတွက် ၈၈ အရေးတော်ပုံကို အနီးဆုံးထား စဉ်းစားရင် နှစ်ပေါင်း ၃၀ နီးပါးက စလို့ ပြည်ပကို ရောက်ရှိသွားတဲ့ မြန်မာနိုင်ငံသားတွေဆိုတာ သိန်းနဲ့ ချီပြီး ရှိတယ်။ သူတို့က ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ မြန်မာပြည်အရေး လှုပ်ရှားခဲ့ကြရတာ။ စစ်အစိုးရအဆက်ဆက်က လူ့အခွင့်အရေးချိုးဖောက်လို့ နေရပ်ကို စွန့်ခွာခဲ့ကြရတာ။ အဲသည်လို မြန်မာနိုင်ငံသားတွေ ဆရာတို့တွေလို မိသားစုတွေအနေနဲ့ဆိုရင် ဆရာ ဘယ်လိုပြောမလဲ။**

ဒေါက်တာစိန်ဝင်း – ပြောရတော့ ခက်တယ်ဗျာ။ ကျနော်တို့က စထွက်ကတည်းက မြန်မာပြည်စီတီဇင်၊ မြန်မာပြည်သား၊ မြန်မာမှတ်ပုံတင်ရှိတယ်။ ဘာကဒ် ညာကဒ်တွေ မဟုတ်ဘူး။ ဘယ်နှစ်ခုနှစ်က စလုပ်လုပ် မှတ်ပုံတင်စလုပ်ပေးကတည်းက ကျနော်တို့ ပါတာပဲ။ ကျနော့် မိဘဘိုးဘွားတွေ ပါတာပဲ။ ဖြေရှင်းပေးသင့်တဲ့လူတွေကို တိုင်းပြည်က ဒီမိုကရေစီကို သွားနေပါပြီ။ ပြောင်းလဲနေပါပြီ၊

ရင်ကြားစေ့နေပြီ ဆိုပြီး ပြောနေကြပြီးတော့ အဲသည်အချိန်မှာ နိုင်ငံသားဟောင်းဆိုပြီးတော့ ဇွတ်သွင်းလိုက်ပြီးတော့ ရှိရင်းသား နိုင်ငံသားကိုတောင်မှ ပြုတ်သွားအောင် လုပ်နေတယ်၊ ပျက်ပြယ်သွားအောင် လုပ်နေတယ်လို့ ကျနော်တို့ မြင်နေတယ်။ အဲဒါတော့ မဟုတ်တော့ဘူး။

**မိုးမခ – သည်တော့ အခုလို ရှုမြင် ဆုံးဖြတ်ထားပုံကို အခြေခံပြီး ဆရာတို့ ဘာဆက်လုပ်မလဲ။**

ဒေါက်တာစိန်ဝင်း – ကျနော်တို့ ပြောထားတယ်။ ပြောနေတယ်။ လူသိရှင်ကြားလည်း ပြောမယ်။ အားလုံး ကျနော်တို့လိုပဲ ပြည်တွင်းက ထွက်လာတယ်။ မြန်မာနိုင်ငံသားစစ်စစ်တွေပဲ။ အချိန်ယူပြီး လုပ်နေတယ်ဆိုတာ နားလည်နိုင်ပါတယ်။ ဒါပေမယ့် အချိန်ကို သည်ထက် မြန်မြန်လုပ်ရမယ့် ကိစ္စလေ။ နှစ်ပေါင်းအကြာကြီး ဆွဲထားရမယ့်ကိစ္စ မဟုတ်ဘူး။ ဥပဒေလုပ်နိုင်တဲ့ ပါလီမန် ရှိတယ်။ ပါလီမန်မှာလည်း ပြည်သူလူထု တိုက်ရိုက်ရွေးကောက်ထားတဲ့ အမတ်တွေ ကိုယ်စားလှယ်တွေ ရှိတယ်။ အသံထွက်လာရမယ်။ အဲလိုဖြစ်အောင် ကျနော်တို့ တိုက်တွန်းမှာပဲ။ လုပ်မယ်ဆိုတာက ကျနော်တို့ လုပ်နိုင်သလောက်ပေါ့ဗျာ။ စီတီဇင်ရှစ်ဆိုတာကို ၃၊ ၄ မျိုး မထားသင့်ဘူး။ စီတီဇင်က စီတီဇင်ပဲ။ ပြတ်ပြတ်သားသားရှိရမယ်။ ကျနော်တို့က သူများနိုင်ငံသားမခံထားဘူး။ ဒီမှာ ရောက်နေတယ်။ ပြန်ဖို့ အခြေအနေပေးတယ်။ ဖိတ်လည်း ဖိတ်ခေါ်ထားတယ်။ တိုင်းပြည်အတွက် လုပ်ကြပါတဲ့။ ပြန်လည်း ပြန်ချင်တယ်။ ပြန်လာဖို့လည်း စိတ်ကူးထားတယ်။ ဆုံးဖြတ်ထားတယ်။ အဲသည်အချိန်မှာ အဆုံးအဖြတ်ကို ပေးဖို့က ဘယ်သူလဲဆိုတာ ကျနော် မပြောချင်ဘူး။ လက်ညှိုးလည်း မထိုးချင်ဘူး။ မြန်မာပြည်မှာ ပါလီမန်ရှိပြီ၊ ရင်ကြားစေ့ရေးဆိုပြီး သွားနေကြတယ်။ သည်အချိန်မှာ သူတို့ ဆုံးဖြတ်ရမယ်၊ မြန်မြန် ဆုံးဖြတ်ရမယ်။ ဘာကြောင့်လဲဆိုတော့ နှစ်တွေ ကြာနေရင် တိုင်းပြည်ရဲ့ သိက္ခာနဲ့ မညီဘူးဗျ။ ဘယ်တိုင်းပြည်မှ ဆိုရှယ်မီဇာဆိုပြီးတော့ ဈေးနှုန်းပေါင်းများစွာနဲ့ လက်မှတ်တွေထိုး ဒါတွေ အမျိုးမျိုး ရှိနေတာ မဖြစ်သင့်ဘူး။ facts တွေတော့ တောင်းရမယ်၊ ပေးရမယ်၊ ဒါတွေတော့ ရှိရမယ် လက်ခံတယ်။

**မိုးမခ – အခုလို အဝေးရောက် မြန်မာနိုင်ငံသားအဖြစ် မစွန့်လွှတ်ပဲ ရပ်တည်နေကြသူတွေဟာ အခုလို အချိန်တွေ အကြာကြီးဆွဲပြီးထားတဲ့အောက်မှာ ဒီမိုကရေစီအရေးတော်ပုံအောက်ကနေပြီး အဝေးရောက်လာရတဲ့ မျိုးဆက်တခုဟာ ပျောက်ဆုံးသွားရတော့မှာမျိုး စတေးပစ်လိုက်ရတော့တာမျိုး ဖြစ်နေရတယ်၊ ပြီးတီးသွားရတယ်။ အလကားဖြစ်သွားရတယ်ဆို ဘယ်လို ပြောမလဲ။**

ဒေါက်တာစိန်ဝင်း – အေးဗျာ။ ရှိမှာပေါ့ဗျာ။ အဲဒါကတော့ ရှိမှာပေါ့။ သို့သော်လည်းပဲ ဒါကိုတော့ ရှင်းရမယ်လေ။ ဘယ်သူက လုပ်နေသလဲဆိုတာ ရှင်းရမယ်လေ။ ကျနော်တို့က ဒီမိုကရေစီအရေးအတွက် တိုင်းပြည်က ထွက်သွားတဲ့လူတွေဗျ။ ဒီပြင်တိုင်းပြည်တွေမှာလည်း သည်လိုလူမျိုးတွေ မျိုးဆက်တွေ ရှိခဲ့တာပါ။ ဒီပြင်တိုင်းပြည်တွေမှာ သည်လိုအရေးကိစ္စတွေကို အလေးအနက်ထား စဉ်းစားပြီး ရှင်းလင်းထားတာတွေ စီစဉ်ထားတာတွေ ရှိပါတယ်။ လေ့လာကြည့်ရင် တွေ့နိုင်ပါတယ်ဗျာ။ သို့သော်လည်းပဲ တဖက်သတ်ပေါ့ဗျာ။ ကျနော်တို့ကို နိုင်ငံသားဟောင်းဆိုပြီး လုပ်တာကျတော့ .... ကျနော်တို့က နိုင်ငံသားအဟောင်းလဲ မဟုတ်ဘူးဗျ။ နိုင်ငံသားအသစ်လည်း မဟုတ်ဘူးဗျ။ မြန်မာပြည်နိုင်ငံသားပဲ။ အဲဒါကိုတော့ ကျနော်တို့ မလျော့ဘူး။ ဘယ်တော့မှ မလျော့ဘူး။ အဲဒါပါပဲ။

**မိုးမခ – ကျေးဇူးတင်ပါတယ် ဆရာ။**

ဒေါက်တာ(ဦး) စိန်ဝင်းကို ပြန်မိတ်ဆက်ပေးရမယ်ဆိုရင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ NLD ပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ မြန်မာပြည်နယ်စပ်မှာ ဖွဲ့စည်းခဲ့တဲ့

အဝေးရောက်ညွန့်ပေါင်းအစိုးရရဲ့ ဝန်ကြီးချုပ်ဖြစ်ပါတယ်။ စစ်အစိုးရက ၉၀ခုနှစ် ရွေးကောက်ပွဲအနိုင်ရ NLD ပါတီကို အာဏာလွှဲမပေးဘဲ ဖမ်းဆီး နှိမ်နင်းမှုတွေ တိုးမြှင့်လုပ်ကိုင်လာတဲ့အတွက် နိုင်ငံရေးရပ်တည်ချက် လိုအပ်ချက်အဖြစ် ပြည်ပမှာ အဝေးရောက်ညွန့်ပေါင်းအစိုးရအဖွဲ့ကို ထူထောင်ခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာပြည် ဒီမိုကရေစီရေး လှုပ်ရှားမှုသမိုင်းမှာ အခမ်းကဏ္ဍတခုကနေ တောက်လောျက် လှုပ်ရှားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ၂၀၁၀ ခုနှစ် နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာပြီးနောက်၊ ၂၀၁၂ မှာ ပါတီကို ပြန်လည်ဖွဲ့စည်းပြီး ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက် အနိုင်ရတဲ့နောက်မှာ ဒေါက်တာစိန်ဝင်းက ပြည်ပမှာ ထူထောင်ရပ်တည်ထားတဲ့ အဝေးရောက်ညွန့်ပေါင်းအစိုးရကို ကိုယ်တိုင်ဖျက်သိမ်းခဲ့ပါတယ်။

ဒေါက်တာစိန်ဝင်းဟာ ဗိုလ်ချုပ်အောင်ဆန်း၏အကို ဦးဘဝင်း၏ သားတဦးဖြစ်ပါတယ်။ ဦးဘဝင်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ ၁၉၄၇ ဇူလိုင် ၁၉ ရက်နေ့မှာ အခြားအာဇာနည်များနဲ့အတူ လုပ်ကြံခံရပြီး ကျဆုံးခဲ့ပါတယ်။ ၁၉၈၈ အရေးတော်ပုံနောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ မဟာမိတ်ပါတီအဖြစ် ဒေါက်တာစိန်ဝင်းက အမျိုးသားဒီမိုကရေစီပါတီကို ထူထောင်ပြီး လက်တွဲဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ နောက်တကြိမ် ၂၀၁၅ ပါတီစုံရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ NLD ပါတီ အပြတ်အသတ်အနိုင်ရပြီး အစိုးရကော လွှတ်တော်ပါ စိတ်တိုင်းကျ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

အဲသည်ကတည်းက ဒေါက်တာစိန်ဝင်းမိသားစုဟာ ဒီမိုကရေစီနည်းကျ တက်လာတဲ့ NLD အစိုးရနဲ့ လွှတ်တော်တို့ရဲ့ ပြဋ္ဌာန်းထားတဲ့ ဥပဒေ စည်းမျဉ်းများနဲ့အညီ ဂုဏ်သိက္ခာရှိစွာ အဝေးရောက် မြန်မာနိုင်ငံသားများအနေနဲ့ ပြည်တော်ပြန်ဖို့ လျှောက်ထားခဲ့ကြသော်လည်း ယခုအချိန်ထိ ကန့်သတ်ချက်များစွာနဲ့ ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

(ပြန်ဖတ်ချင်ရင် ဖတ်ဖို့ – http://moemaka.com/archives/53772 (ဒေါက်တာစိန်ဝင်းနဲ့ အင်တာဗျူး) http://moemaka.com/archives/52678 (ဆရာဇနီး ဒေါ်စီစီသွယ်၏ အိပ်ဖွင့်ပေးစာ))

၂၀၁၆ အောက်တိုဘာကတည်းက ကြိုးပမ်းခဲ့သော်လည်း အရာမထင်ပါ။ ဒေါ်စုက ခံဝန်ချက်တွေ လက်မှတ်ထိုးစရာမလိုပဲ မြန်မာတွေ အိမ်ပြန်ခွင့်ရရမယ်။ မြန်မာတွေ ဝိုင်းဝန်းတဲ့ အားကို လိုတယ်လို့လည်း ပြောသွားပါတယ်။ သို့သော်လည်း ခံဝန်ချက်တွေ ရှိနေတုန်းပါပဲ။ မြန်မာနိုင်ငံသားတဦးအနေနဲ့ အိမ်ပြန်ခွင့်ဆိုတာထက်" နိုင်ငံသားဟောင်းအဖြစ် အိမ်ပြန်ဖို့ " အခွင့်အလမ်းကိုသာ မြန်မာပြည်အစိုးရအဆက်ဆက်က ဖွင့်ထားပါတယ်။ ၂၀၁၇ ဒီဇင်ဘာမှာ ဒေါက်တာစိန်ဝင်းဇနီး ဒေါ်စီစီသွယ်က သူ့ခင်ပွန်း "ကဝိအို" အိမ်ပြန်ချင်လှပါပြီလို့ ပေးစာရေးပြီး တောင်းဆိုခဲ့ပါတယ်။ ဘာမှ ထူးလာတာ မတွေ့ရပါဘူး။

ကဝိအိုရဲ့ အိမ်ပြန်ချိန်။ မြန်မာနိုင်ငံသား ကဝိအိုအိမ် ပြန်ချင်လှပြီ။ တယောက်တလှည့် ဝိုင်း၍ကူလှည့်ပါ။
ဒီသတင်းလေးကိုပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီးဦးထင်ကျော်နှင့်နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်တို့၏ "နား"သို့ အမြန်ဆုံးရောက်အောင် ဆောင်ကြဉ်းပေးပါ။
ကဝိရဲ့ အိမ်ပြန်ချိန်၊ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် နှစ်ပေါင်း၂၈နှစ်ကြာ ပြည်ပတွင် အစဉ်တစိုက်လှုပ်ရှားပေးခဲ့သော အသက်ရ၄နှစ်အရွယ် ကဝိအိုကြီး

အိမ်ပြန်ချင်လှပြီ။ မြန်မာသီချင်းတွေ နားထောင်ပြီး အလွမ်းဖြေနေလေရဲ့။
အမိမြေ နင်းခွင့်ရရေး … အများသူငှာ ဝိုင်းဝန်းကူညီလှည့်ပါ။
http://moemaka.com/archives/62103

ဒီနေ့မှာတော့ဖြင့် ဒေါက်တာစိန်ဝင်းနဲ့ မိုးမခ ထပ်မံတွေ့ဆုံပြီး ဆရာ့ရဲ့ အတွေးအမြင် သဘောထားကို မေးမြန်း တင်ပြလိုက်ပါတယ်။



**မဆုမွှန် ရိုက်ကူးတဲ့ ဗီဒီယိုဖိုင်**

# အဝေးရောက်နေဆဲ ကဝိအို ဒေါက်တာစိန်ဝင်းနဲ့ အင်တာဗျူး

**(မိုုးမခ) စက္တင္ဘာ ၂၀ ၊ ၂၀၁၆**

စက်တင်ဘာ ၁၆ ရက်နေ့က ဝါရှင်တန်ဒီစီ၊ ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်တခုမှာ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် NLD၏ အဝေးရောက်ညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာစိန်ဝင်းနဲ့ တွေ့ဆုံနိုင်ခဲ့ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒေါက်တာစိန်ဝင်း တို့ဟာ ကျဆုံးခဲ့လေပြီးသော လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း နဲ့ အာဇာနည် ဦးဘဝင်း ညီအကို နှစ်ဦးရဲ့ သားသမီးများ ဖြစ်ကြတဲ့အတွက် နှစ်ဝမ်းကွဲ မောင်နှမလည်း ဖြစ်ကြပါတယ်။ စက်တင်ဘာ ၁၆ ရက်နေ့မှာတော့ ဝါရှင်တန်ဒီစီအနီးက အမေရိကန်အထက်တန်းကျောင်း လေ့လာရေးခရီးစဉ်အပြီး ကားပေါ်မတက်ခင် လမ်းပေါ်မှာပဲ ကျောင်းဆရာဟောင်း ဒေါက်တာစိန်ဝင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ခေတ္တ တွေ့ဆုံခဲ့ကြတာပါ။

မြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ခေတ္တ တွေ့ဆုံလိုက်ရတဲ့ ဒေါက်တာစိန်ဝင်းနဲ့ မေးမြန်းခဲ့တာကို တင်ဆက်လိုက်ပါတယ်။

မေး။ ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘာများ ပြောဆို တင်ပြလိုက်နိုင်ပါသလဲ ခင်ဗျ။

ဖြေ။ ။ အချိန်တိုတိုလေး အတွင်းမှာ ဖြစ်တဲ့အတွက် ဘာမှ ပြောဆိုလိုက်ရတာ မရှိပါဘူး။

မေး။ ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံတဲ့အခါ အဓိကကိစ္စတခုဖြစ်နေတဲ့ အဝေးရောက် မြန်မာတွေ နိုင်ငံရေးခံဝန်ချက်တွေ လက်မှတ်ထိုးစရာမလိုဘဲ အိမ်ပြန်ခွင့်ရဖို့ ကိစ္စကိုကော ပြောဆို ဆွေးနွေးခွင့် ရလိုက်ပါသလား


ဖြေ။ ။ မရလိုက်ပါဘူး။ သို့သော် နောက်တနေ့ နယူးယောက်မှာ မြန်မာတွေနဲ့ တွေ့ဆုံဆွေးနွေးတဲ့ အစီအစဉ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်က အဝေးရောက်မြန်မာတွေ ခံဝန်ချက် လက်မှတ်ထိုးစရာမလိုဖို့၊ ပြည်ပရောက် မြန်မာတွေရဲ့ တိုင်းပြည်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်တာတွေ ကြိုဆိုဖို့ စတာတွေ အကျယ်တဝင့် ပြောသွားပါတယ်။ ဘလက်လစ် ကိစ္စကိုလည်း ရှင်းလင်းသွားတာတွေ ကြားလိုက်ရပါတယ်။

မေး။ ။ ပြည်ပရောက် မြန်မာ့အရေးလှုပ်ရှားသူတွေအနေနဲ့ကော၊ NLD ရဲ့ အဝေးရောက်ညွန့်ပေါင်းအစိုးရကို ဦးဆောင်မှု ပေးခဲ့တဲ့ သူတဦးနေနဲ့ ယခုအချိန်မှာ မြန်မာပြည်မှာ ဒီမိုကရေစီလှုပ်ရှားမှုရဲ့ ပြယုဒ်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီတို့ဦးဆောင်တဲ့ အစိုးရ၊ လွှတ်တော် စသည်ဖြင့် ပေါ်ထွန်းလာချိန်မှာ ပြည်တွင်း ပြည်ပက အင်အားတွေ ပိုမို တွေ့ဆုံနိုင်ကြဖို့ လိုအပ်တယ် မထင်ဘူးလား။

ဖြေ။ ။ ပြည်တွင်းမှာ ရှိတဲ့ အင်အားစုတွေက ယခင်ကလည်း ဖြတ်သန်း လုပ်ကိုင်ခဲ့ကြသလို ယခုလည်း ဆက်ပြီး လုပ်ကိုင်နေကြတယ်။ သူတို့နေရာနဲ့ သူတို့ ဆက်လက်ပြီး တည်ရှိနေကြပါတယ်။ ပြည်ပမှာ ရှိတဲ့ အင်အားစုတွေအနေနဲ့ကတော့ လိုအပ်တဲ့ နေရာတွေမှာ သူတို့ ဖြတ်သန်းလာခဲ့တဲ့ အတွေ့အကြုံတွေ၊ ပညာတွေ၊ သင်ခန်းစာတွေပေါ် အခြေခံပြီး တတ်စွမ်းသလောက် ဖြည့်စွမ်းပေးနိုင်ကြဖို့ပါပဲ။

မေး။ ။ မြန်မာပြည် ဒီမိုကရေစီအရေးအတွက် ဆက်လက် လှုပ်ရှားကြဖို့ လိုအပ်နေသေးတယ် ဆိုရင် ၊ ခုချိန်မှာလည်း ပြည်တွင်းမှာကော ပြည်ပမှာပါ တက်ကြွ အားပေး လုပ်ကိုင်နေကြတဲ့ အင်အားတွေ၊ နိုင်ငံတော်တွေ၊ အဖွဲ့အစည်းတွေကလည်း အများအပြားရှိနေပြီ ဆိုရင်၊ ဆရာတို့ အခမ်းကဏ္ဍကို ဘယ်လို ပြောချင်ပါသလဲ။

ဖြေ။ ။ အခုအချိန်အခါမှာ ဒေါ်အောင်ဆန်းစုကြည်တို့အနေနဲ့ ၉၉ % လောက် ဦးဆောင်မှုတွေ လုပ်ကိုင်မှုတွေ ပေးနိုင်နေပြီ ဆိုရင် ကျနော်တို့အနေနဲ့က လိုအပ်နေသေးတဲ့ ၁% ကို ဖြည့်ဆည်းပေး နိုင်လိမ့်မယ် ထင်ပါတယ်။



## ဒေါက်တာ စိန်ဝင်း – ရှစ်လေးလုံး ၂၈ နှစ်မြောက် သို့ သဝဏ်လွှာ

**(မိုးမခ) ဩဂုတ် ၈၊ ၂၀၁၆**

ကျနော် ၈လေးလုံး အရေးတော်ပုံကာလ ဖြတ်သန်းခဲ့စဉ်အချိန်များက မျှော်လင့်ချက်များ၊ ဒေါမာန်ဟုန်များ နဲ့ ကျဆုံးမှုများကို မမေ့နိုင်သေးပါ။ ကျောင်းသား အလုပ်သမား လယ်သမား သံဃာ စတဲ့ လူထု လူတန်းစားပေါင်းစုံသည် မြန်မာပြည်တဝှမ်းမှာ လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးတို့အတွက်  ဆန္ဒပြတောင်းဆိုခဲ့ကြပါသည်။ မျက်မှောက်အခြေအနေကို ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံရေးအလုပ်များ လုပ်ဆောင်ကြဖို့ ကျနော်တို့ကို တွန်းအားပေးကြရာမှာ အဆိုပါ လူထုလှုပ်ရှားမှုကြီးနဲ့ အထူးအားဖြင့်တော့ လူငယ် ကျောင်းသားများရဲ့ ကဏ္ဍက အထူးအရေးပါခဲ့ပါသည်။

ဒီနေ့မှာတော့ဖြင့် ကျနော်တို့ ၈လေးလုံး ၂၈ နှစ်မြောက် နှစ်ပတ်လည်ကို ကြုံကြရပြီ။ ဖြတ်ကျော်ခဲ့ကြရသည့် နှစ်ကာလရှည်အတွင်း ကျနော်တို့၏ အလုပ်တာဝန်များကို ဆက်လက် ထမ်းဆောင်ရေး အဓိက တွန်းအားမှာ "၈လေးလုံး စိတ်ဓာတ်" သာ ဖြစ်ပါသည်။ နောက်ဆုံး မေးခွန်းကတော့ ကျန်ရှိနေဆဲ ဖြစ်ပါသည်။ ကျနော်တို့ လွတ်မြောက်ကြပြီလား။ ၈လေးလုံး၏ တောင်းဆိုချက်များ ပြည့်ဝကြပြီလား။

ကျနော်တို့ မလွတ်မြောက်ကြသေးပါ။ အခြေအနေများကတော့ တိုးတက်မှု ရှိနေပါသည်။ ၂၀၁၅ ရွေးကောက်ပွဲကြီးက ဒေါ်အောင်ဆန်းစုကြည်နဲ့ အင်န်အယ်ဒီပါတီကို ပြောင်းလဲမှုများ ဖော်ဆောင်ရန် ထင်ထင်ရှားရှား ပုံအပ်လိုက်ကြပြီ ဖြစ်သည်။ ကျနော်တို့ လိုအပ်သည်မှာ တိုင်းရင်းသားများအားလုံး သဟဇာတဖြစ်ရေး၊ ပြည်တွင်းစစ် ရပ်စဲရေး နှင့် ၈လေးလုံး၏ တောင်းဆိုချက်ဖြစ်သော လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့ကို တိုင်းပြည်တဝှမ်းလုံး ငြိမ်းချမ်းသာယာစွာ ခံစား ရရှိနိုင်ရေး ဖြစ်ပါသည်။


ကျနော်တို့ ပြောင်းလဲရေးကို ဦးတည်ပြီး စဉ်းစား လုပ်ကိုင်နေကြချိန်နဲ့ တပြိုင်နက်တည်းမှာပင် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စဉ်းစား လုပ်ကိုင်ကြရန် လိုအပ်ပါသည်။ အခုချိန်မှာ ကျနော်တို့သည် လူထုအားလုံး၏ စည်ပင်ဝပြောရေးကို အကောင်းဆုံး ကြိုးပမ်းကြရမည့် အချိန်လည်း ဖြစ်ပါသည်။ အခုအချိန်သည် ၈၈အရေးတော်ပုံ၏ ကျဆုံးလေပြီးသော သူရဲကောင်းများအားလုံးကို သတိရ အောက်မေ့ ဂုဏ်ပြုကြရမည့် အချိန်လည်း ဖြစ်ပါသည်။

၈၈အရေးတော်ပုံကြီး၏ တောင်းဆိုချက်များ ပြည့်ဝသည်အထိ ဆက်လက် လုပ်ကိုင်သွားကြရန် အတူတကွ အားလုံး သံန္နိဋ္ဌာန် ပြုလိုက်ကြပါစို့။

ဒေါက်တာစိန်ဝင်း

# ဒီနေ့ မနက်ဖြန် ပြန်ခွင့်ရနိုးနိုး နဲ့ ၇၅နှစ်ရှိ ကဝိအိုလည်း တရားနဲ့ ဖြေတဲ့အဆင့် ရောက်နေပါပြီ

**စီစီသွယ် (S/OKA ၀၈၉၈၁၈)၊ မိုးမခ၊ ဩဂုတ် ၄၊ ၂၀၁၈**



လွန်ခဲ့သော”နှစ်၂၀” က’ ဂျာမဏီနိုင်ငံ၊ Osnabruck မြို့၏ မြို့တော်ခန်းမတွင်
နိုဘယ်ဆုရ တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမားနှင့်အတူ
(ဓါတ်ပုံ ဦးမောင်မောင်ရဲ ၊ ၆၊၆၊ ၉)

အဝေးရောက် နိုင်ငံရေး အဖိုးအို ဒေါက်တာစိန်ဝင်း၏ဇနီး းစီစီသွယ်မှ အစီရင်ခံ တင်ပြအပ်ပါသည်ရှင့်။

လမ်းကြုံလျှင်၊ ကျွန်မတို့၏ပြည်သူ့သမ္မတကြီးနှင့် လူထုခေါင်းဆောင်၊ နိုင်ငံတော်အတိုင်ပင်ခံတို့ထံ
သယ်သွားပေးပါရှင့်။

ကျွန်မတို့ မြန်မာပြည်ပြန်ခွင့်ရရန် … "၇၊ ၇၊ ၂၀၁၆ မှ စ၍" စဉ်ဆက် မပြတ်ကြိုးစားနေတာ "၂ နှစ်" ကျော် ပါပြီ။ ဆရာ (ဒေါက်တာစိန်ဝင်း) လည်း တရားနဲ့ ဖြေတဲ့အဆင့် ရောက်နေပါပြီ။

၂၀၁၆ မှစ၍ သားလေး လရောင် နွေကျောင်းပိတ်ရောက်တိုင်း … "ဒီနှေ့ မနက်ဖြန် ပြန်ခွင့်ရနိုးနိုး" နဲ့ စောင့် နေရတာ ယခုကျောင်းပြန်ဖွင့်ရန် တလနီးပါးပဲ ကျန်ပါတော့သည်။ (နွေကျောင်းပိတ် ၃ ခါ ကျော် ခါနီးပါပြီ။)

အခြေအနေပေးလျှင် " ရှစ် လေး လုံး နှစ် ၃၀ ပြည့်နေ့" တွင် မြန်မာပြည်တွင် ရှိချင်ပါသည်။ အိမ်ပြန်ရောက်သင့်ပြီ။

လေးစားစွာဖြင့်

စီစီသွယ် (S/OKA ၀၈၉၈၁၈) ခေတ္တ – အမေရိကန်ပြည်ထောင်စု
PS … အဝေးရောက် နိုင်ငံရေး အဖိုးအို၊ ကဝိအိုတယောက်၏ ခံစားချက်နှင့် ကဝိအို၏အိမ်ပြန်ချိန်တို့ကို http://moemaka.com/archives/63663 နှင့် http://moemaka.com/archives/52678 တို့တွင် ဖတ်ရှုနိုင်ပါသည်။

ကလေးနှစ်ယောက် အပါအဝင် ကျွန်မတို့မြန်မာနိုင်ငံသားစစ်စစ် ကိုးဦးသည် "ပထမဦးဆုံးအကြိမ် လက်ခံရ ရှိသော မြန်မာသံရုံးမှ e-mail (သံအမတ်ကြီးကိုယ်စား ဦးဆွေဆက် မှ ၂၀၊၄၊ ၂၀၁၈ တွင် ပေးပို့သော e-mail (စာအမှတ် ၈၁-၈၃/ ၄၅ ၁၁ ၁၁)) အတိုင်း "မြန်မာနိုင်ငံကူး စာအုပ်နှင့် နိုင်ငံသားစိစစ်ရေးကဒ်များကို အမေရိကန်နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်းအား လိပ်မူ၍ ၃၀၊၄၊၂၀၁၈ တွင် လျှောက်ထားခဲ့ပါသည်။ (ယင်းကို နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ ဒုနိုင်ငံခြားရေးဝန်ကြီး၊ အမြဲတန်း အတွင်းဝန် ညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန၏ e-mail များမှ တင်ပြခဲ့ပါသည်။)

ကမ္ဘာအနှံ့ ပြန့်ကျဲနေတဲ့ ကဝိအိုတွေ၊ တိုင်းပြည်အတွက် နှစ်ပေါင်းများစွာ "တော ဖြတ်၊ ထောင် ဖြတ်" ခဲ့ရသူတွေ၊ ရောက်ရာနေရာတွေမှာ အတွေးရော အလုပ်ရော အမိမြေအတွက် ပေးဆပ်နေသူတွေ ဘယ်တော့ "ခံဝန်ချက် ထိုးရတဲ့ဘဝ" ကလွတ်မလဲ။ ဘယ်တော့မှ သိက္ခာရှိရှိ အိမ်ပြန် ရပါ့မလဲ။ ဘယ်တော့မှ …

အိမ်ပြန်ရောက်သင့်ပြီ။
စီစီသွယ် (S/OKA ၀၈၉၈၁၈) ခေတ္တ – အမေရိကန်ပြည်ထောင်စု
ည ၁၀နာရီ ၁၀မိနစ်၊ ဩဂုတ် ၃၊ ၂၀၁၈



NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း

# စီစီသွယ် (S/OKA ဝ၈၉ ၈၁၈) – ကဝိအို အမိမြေနင်းခွင့်ရရေး

**(မိုးမခ) ဒီဇင်ဘာ ၂၉ ၊ ၂၀၁၇**
ကဝိအိုတယောက် အိမ်ပြန်ချင်လှပြီ၊ ကြုံတဲ့လူများ
ဝိုင်းဝန်းကူညီလှည့်ပါ။ပြည်ထောင်စုမြန်မာပြည်သူပြည်သားအပေါင်းတို့ ...

ကဝိအိုရဲ့ အိမ်ပြန်ချိန်။ မြန်မာနိုင်ငံသား ကဝိအိုအိမ် ပြန်ချင်လှပြီ။ တယောက်တလှည့်
ဝိုင်း၍ကူလှည့်ပါ။

ဒီသတင်းလေးကိုပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီးဦးထင်ကျော်နှင့်နိုင်ငံတော်အတိုင်ပင်ခံ
ဒေါ်အောင်ဆန်းစုကြည်တို့၏ "နား"သို့ အမြန်ဆုံးရောက်အောင် ဆောင်ကြဉ်းပေးပါ။

ကဝိရဲ့ အိမ်ပြန်ချိန်၊ မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် နှစ်ပေါင်း၂၈နှစ်ကြာ ပြည်ပတွင်
အစဉ်တစိုက်လှုပ်ရှားပေးခဲ့သော အသက်ရှင့်နှစ်အရွယ် ကဝိအိုကြီး အိမ်ပြန်ချင်လှပြီ။
မြန်မာသီချင်းတွေ နားထောင်ပြီး အလွမ်းဖြေနေလေရဲ့။

အမိမြေ နင်းခွင့်ရရေး ... အများသူငှာ ဝိုင်းဝန်းကူညီလှည့်ပါ။



# စီစီသွယ် (S/OKA ၀၈၉ ၈၁၈) – နိုင်ငံတော်အတိုင်ပင်ခံ၏ ပန်ကြားချက်နှင့် ပြည်ဝင်ခွင့်

### (မိုးမခ) ႏို၀င္ဘာ ၁၊ ၂၀၁၆

အသံတွေ ကြားနေရသည်။ အမေရိကန်ပြည်ထောင်စု မြန်မာသံရုံး၏ အင်တာနက်စာမျက်နှာထဲ ဝင်ကြည့်ရတာလဲ အကြိမ်ကြိမ်။ အမိမြေနင်းခွင့်ရရန် ဖြည့်ရသည့် လျှောက်လွှာပုံစံများလည်း နဂိုအတိုင်း။ ခံဝန်ချက်ထိုးရသည့် အချက်များလည်း တုပ်တုပ်မျှ မလှုပ်။ ပျောက်ကွယ်ခြင်း မရှိသေး။ ကွန်ပျူတာများ၊ အသိများ၏ လက်ကိုင်ဖုန်းများမှ ဝင်ကြည့်တော့လည်း တွေ့ရှိချက်က အတူတူ။

နိုင်ငံတော်အတိုင်ပင်ခံက ပြည်ပရောက် မြန်မာနိုင်ငံသားများ မြန်မာပြည်သို့ လာရောက်ကူညီပါ။ တိုင်းတပါးသားများအားလည်း လာရင်းကိစ္စလုပ်ရင်း မြန်မာနိုင်ငံသားများအား တတ်နိုင်သည့် ကိစ္စများ လုပ်ပေးသွားပါ၊ သင်ပေးသွားပါ ဟု ပန်ကြားသည်။

တကယ်လက်တွေ့မှာတော့ ပြည်ဝင်ခွင့်လျှောက်လွှာပုံစံများတွင် ပါရှိသည့် အချက်များကြောင့် မြန်မာနိုင်ငံတွင်းတွင် ကူညီမှုများ တရားဝင် လုပ်ပေး၍ မရပါ။

တိုင်းတပါးသားများလည်း လာရင်း ရည်ရွယ်ချက်မှ လွဲ၍ တရားဝင် ကျန်တာ လုပ်ခွင့် မရှိပါ။ နိုင်ငံခြားသားများ လျှောက်နိုင်သည့် ပြည်ဝင်ခွင့် ၁၁ မျိုးတွင် "အလုပ်ရာဇဝင်" လျှောက်လွှာပုံစံကို ဖြည့်ရပါသည်။

ပြည်ပမှ မြန်မာနိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစု ရင်းချာများ ပြည်ဝင်ခွင့်လျှောက်ရာတွင် ကိုယ်ရေးရာဇဝင်၊ အလုပ်ရာဇဝင်၊ လူမှုရေးဗီဇာ၊ သံအမတ်ကြီးသို့ လိပ်မူသော လျှောက်လွှာပုံစံ၊ စုစုပေါင်း ၄ စောင် ဖြည့်ရပါသည်။

သို့မှသာ မိဘဆွေမျိုးများ၏ အိမ်တွင် နေထိုင်ခွင့် ရှိမည်။

(၁) သံအမတ်ကြီးသို့ လိပ်မူသော ပုံစံတွင် မိဘဆွေမျိုးများနှင့် တွေ့ဆုံလိုခြင်း သက်သက်ကြောင့် ပြန်ခွင့်ပြုပါရန်

(၂) အလုပ်ရာဇဝင် လျှောက်လွှာပုံစံတွင် လာရင်းရည်ရွယ်ချက်မှ လွဲ၍ ဆက်စပ်ခြင်း မရှိသည်များကို မလုပ်ရပါရန်

(၃) လူမှုရေးဗီဇာ လျှောက်လွှာပုံစံတွင် အခကြေးငွေ ယူ၍ဖြစ်စေ၊ မယူဘဲဖြစ်စေ မည်သည့်ကိစ္စတွင်မှ ပါဝင်ပတ်သက်ခြင်း မရှိပါရန် ... စသည့် ခံဝန်ချက် ကန့်သတ်ချက်များ ပါရှိနေပါသည်။

အထက်ပါအချက်များကြောင့် မြန်မာပြည်သို့သွားလျှင် မိဘဆွေမျိုးများနှင့် တွေ့ဆုံခြင်းမှ လွဲ၍ တရားဝင် ကျန်တာလုပ်၍ မရပါ။ ထိုအချက်များ တရားဝင် မဖြုတ်သ၍ နိုင်ငံတော်အတိုင်ပင်ခံ၏ ပန်ကြားချက်ကို တရားဝင်လုပ်ဆောင်ပေးရန် မဖြစ်နိုင်ပါ။ နိုင်ငံ၏ အကျိုးပြုလုပ်ငန်းများကို တရားဝင်လုပ်ဆောင်ခွင့် မရှိပါ။

"ကဝိအို၏ အိမ်ပြန်ချိန်" ရေးချိန်တွင် သိမ်းထားသော ပြည်ဝင်ခွင့်လျှောက်လွှာပုံစံများကို အလွယ်တကူကြည့်နိုင်ရန် တင်ပြအပ်ပါသည်။ အမေရိကန်နိုင်ငံရှိ မြန်မာသံရုံး (Washington DC, New York, Los Angelese) အင်တာနက်စာမျက်နှာများတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော် အတိုင်ပင်ခံ၏ ဆန္ဒ၊ ပြည်သူ့ဆန္ဒများ ပြီးပြည့်စုံစေရန် ရည်သန်လျက်

စီစီသွယ် (S/OKA ၀၈၉ ၈၁၈)
ခေတ္တ အမေရိကန်ပြည်ထောင်စု

လက်ရှိပုံစံတွေကိုလည်းွ မြန်မာသံရုံးရဲ့ ဝဘ်ဆိုက်ဒ် စာမျက်နှာဖြစ်တဲ့ http://www.mewashingtondc.com/visa_en.php မှာ ကြည့်လို့ရပါတယ်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON D.C.

# Work History for Visa Applicant

1. Name in Full (Fill in block letters):____________________
   Surname (As in Passport):____________________
   First Name & Middle Name:____________________
2. Date of birth (dd/mm/yyyy): __/__/____
3. Place of birth: City;-__________ Country;-__________
4. Permanent Home Address:

   ____________________

   ____________________
5. Tel. (Res.) ____________________
   (Work Place) ____________________
   e-mail: ____________________
6. Work Description **(Current)**
   (a) Job Title:____________________
   From (dd/mm/yyyy):__/__/____ To (dd/mm/yyyy):__/__/____
   (b) Office____________________
   Department____________________
   Describe your duties:____________________

   ____________________

7. Work Description **(Previous)**
   (a) Job Title:____________________
   From (dd/mm/yyyy):__/__/____ To (dd/mm/yyyy):__/__/____
   (b) Office____________________
   Department____________________
   Describe your duties:____________________

   ____________________

I hereby declare that the particulars given above are true and correct and that I will not engage in any activities irrelevant to the purpose of my entry.

____________
Signature of Applicant
Date: (dd/mm/yyyy) __/__/____

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR, WASHINGTON D.C.

# APPLICATION FOR SOCIAL VISA

(Social Visa Form for Ex-Myanmar Citizens and Immediate Family only)

မြန်မာနိုင်ငံသားဖြစ်ခဲ့သူများနှင့် ၎င်းတို့၏မိသားစုဝင်များ လူမှုရေးဗီဇာလျှောက်ထားရန်ပုံစံ

([illegible] Social Visa [illegible])

[illegible]

| Recently taken **Two color photos** with full face, front view, no hat and against a plain light background (attached with staple) ဓါတ်ပုံ ၂ပုံ လိုအပ်ပါသည် |
|---|

1. Name in Full ( Fill in Block Letters)
   ______________/______________/______________
   ( First Name )  (Middle Name )  ( Last Name)
2. Father's Full Name: ______________ Mother's Full Name: ______________
3. Date of Birth of applicant (dd/mm/yyyy): ___/___/_____
4. Place of Birth of applicant (City /State /Country): ________/________/________
   Official Name : Country is Myanmar , City is Yangon )
5. Nationality: ☐ US / ☐ Others: ______________ Sex ☐ (F) / ☐ (M)
6. Present Occupation: ______________
   (If retired, write " retired", If student, write "student", If self employ: mention specifically)
7. Marital Status: ☐ Married ☐ Divorced ☐ Separated ☐ Widowed ☐ Single (Never Married)
8. Spouse's Full Name: ______________
9. **Passport**
   (a) Number ____________ (b) Date of Issue (dd/mm/yyyy) ___/___/____ (c) Place of issue: __________
   (d) Date of expiration (dd/mm/yyyy) __/__/____ (e) Issuing Authority: ______________
10. Present Address in U.S. ______________
    (Include apartment number, street, city, state or province & postal zone)
11. Contact Tel. No. (Cell) (___)________(Res.) (___)________(Work) (___)________ e-mail: ____________
12. Address in Myanmar: ______________
13. * Are you an Ex-Myanmar Citizen: ☐ Yes ☐ No, (If No) Are you an immediate family of a Myanmar Citizen / Ex-Myanmar Citizen: ☐ Yes ☐ No, (If Yes) Mention: Name, Relationship & Address: ______________
    ______________
    If you Answer "No" to both questions, you should apply for Tourist Visa (You are not eligible to apply " Social Visa")
14. Have you ever been to Myanmar: ☐ Yes ☐ No, (If Yes) Date of Last Visit to Myanmar (dd/mm/yyyy): ___/___/_____
15. Have you ever been refused to enter Myanmar: ☐ Yes ☐ No, (If Yes) When: (dd/mm/yyyy) ___/___/__________
    Why: ______________
16. Expected date of **Arrival to Myanmar** : (dd/mm/yyyy) ___/___/____
    **Departure from Myanmar** : (dd/mm/yyyy) ___/___/____
17. Name and Address of Guarantor during stay in Myanmar ______________
18. **Attention for Applicant:**
    (a) Apart from the professions mentioned this visa application form applicants are not to engage in any sort of work, with or without charges.
    (b) Applicant shall abide by the Laws of the Republic of the Union of Myanmar and shall not interfere in the Internal Affairs of the Republic of the Union of Myanmar.
    (c) Legal action will be taken against those who violate or contravene any provision of the existing laws, rules and regulations of the Republic of the Union of Myanmar.
    **I hereby declare that I fully understand the above mentioned conditions, that the particulars given above are true and correct and that I will not engage in any activities irrelevant to the purpose of entry stated herein.**

Date.(dd/mm/yyyy) : __/__/____ Signature of Applicant

**(FOR OFFICE USE ONLY)**

Visa No. .................... Date: ..........................

Visa Authority: MOFA Lt. No. 46 11 11 (66) Dated : 26 January 1993

-(If other) MOFA Lt. No. ______________ Dated: __/__/____

Signature of Officer In-Charge

Embassy of the Republic of the Union of Myanmar WashingtonD.C., U.S.A

Contact : Tel: (202) 332 4352, (202) 238 9332 Fax (202) 332 4351, http://mewashingtondc.com, e-mail: mewdcusa@yahoo.com)

သို့

သံအမတ်ကြီး
မြန်မာသံရုံး
ဝါရှင်တန်ဒီစီမြို့

ရက်စွဲ၊

**အကြောင်းအရာ ။ လူမှုရေးဗီဇာ(Social Visa)လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်ပြီး၊ .................... ရက်နေ့တွင် အမေရိကန်နိုင်ငံသို့ရောက်ရှိခဲ့ကာ ..................... ရက်နေ့တွင် အမေရိကန်နိုင်ငံသား အဖြစ်ပြောင်းလဲခံယူခဲ့ပြီး အမေရိကန်နိုင်ငံကူးလက်မှတ်အားရရှိခဲ့ပါသည်/ အမေရိကန်ခရီးသွားလက်မှတ်အား ရရှိခဲ့ပါသည်။

၂။ ကျွန်တော်/ကျွန်မ မြန်မာနိုင်ငံသို့ သွားရောက်ခြင်းသည် မိသားစု၊ ဆွေမျိုး၊ မိတ်သင်္ဂဟများအား သွားရောက်တွေ့ဆုံလိုခြင်းသာဖြစ်ပြီး မြန်မာနိုင်ငံအား ဆန့်ကျင်သည့် မည်သည့်ကိစ္စရပ်ကိုမျှ ပါဝင်ပတ်သက်၊ ဆောင်ရွက်မှုများ ပြုလုပ်မည်မဟုတ်ပါကြောင်း အောက်တွင် ခံဝန်ကတိပြုလက်မှတ်ရေးထိုးပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင်ရှိသည့် မိသားစု၊ ဆွေမျိုးသားချင်းများအား သွားရောက်တွေ့ဆုံလိုပါသဖြင့် ကျွန်တော်/ကျွန်မအား လူမှုရေးဗီဇာ(Social Visa)လျှောက်ထားခွင့်ပြုပါရန် အောက်ဖော်ပြပါ စာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားအပ်ပါသည်-


(က) ၂ လက်မ ၂ လက်မ ရောင်စုံဓါတ်ပုံတွဲလျက် ဖြည့်စွက်ပြီး Visa Form
(ခ) အလုပ်လုပ်ကိုင်ခဲ့သည့် လုပ်ငန်းရာဇဝင်အကျဉ်းချုပ် Work History Form
(ဂ) လူမှုရေးဗီဇာခ Money Order/Cashier Check US$ 36
(ဃ) မိမိလိပ်စာထံသို့ ပြန်လည်ပေးပို့ရန် စာပို့ခကျခံပြီး/ တံဆိပ်ခေါင်းကပ်ပြီး စာအိတ် Prepaid Self-Addressed Return Envelope

၄။ အခြားဖော်ပြလိုသည့်အချက်ရှိပါက *(မွေးသည့်အမြစ် ရောက်ရှိခဲ့ပါကဖော်ပြ၍ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခဲ့သူဖြစ်ပါကကြောင်းဖော်ပြရန် )*________________________________
________________________________________________
________________________________________________
________________________________________________
________________________________________________
________________________________________________

လေးစားစွာဖြင့် -

(လက်မှတ်)

အမည် : ____________________________
နိုင်ငံကူး/ ခရီးသွားလာခွင့်လက်မှတ် : ____________________________
ထုတ်ပေးရက်စွဲ : ____________________________
နေရပ်လိပ်စာ : ____________________________
ဖုန်း : ______________ email : ______________



ဓာတ်ပုံ – မအတာ

## စီစီသွယ် (S/OKA -089818) – အမေ၏ ရက်ပေါင်း တသောင်းကျော်

(မိုးမခ) ဩဂုတ် ၃၁၊ ၂၀၁၆

အမေ ၊ အမေ့အိမ် ၊ ၈ ရက်အတွင်း အထင်ကရ အဖြစ်အပျက် ၂ ခု၊ ဆန့်ကျင်ဘက်ဖြစ်ရပ် ၂ ခု၊ အင်အားပြင်းသော ငလျင်ဒဏ်နှင့် အင်အားကြီးမားသော စုစည်းမှု၊ (မနက်ဖြန်တွင် ကျင်းပတော့မည့် ၂၁ ရာစု ပင်လုံညီလာခံ) ၊

အသက်ဆုံးရှုံးမှုများနဲ့ အတူ ပြိုကျပျက်စီးသွားခဲ့ရသော ပုဂံဘုရားများ၊ ကျမတို့ ဖူးချင်သော ပုဂံဘုရားများ၊ ကျမတို့လည်း ပုဂံမြေကို ခြေချခွင့် မရရှိသေး၊ ကဝိအိုလည်း အမေ့အိမ်ကို ခြေချခွင့် မရရှိသေး၊

အမေ၏ ရက်ပေါင်း တသောင်းကျော် ... ဤစာစုကို စနစ်တခုကြောင့် စနစ်တခုအတွက် အသက် ၁၇ နှစ် အရွယ်တွင် မိခင်ရင်ခွင်မှ ထွက်ခွာခဲ့ရသော မအတာ (နိုင်ငံ့အရေးအတွက် နှစ် အတော်ကြာ တောဖြတ်ခဲ့ရသော ၈၈ ကျောင်းသူ) ရိုက်ကူးသော ဓာတ်ပုံဖြင့် အားဖြည့်ထားပါသည်။

အမေ၏ ရက်ပေါင်း တသောင်းကျော်

ပြီးပြည့်စုံခြင်းမရှိသေးတဲ့ စနစ်တခုအရောက်မှာပါဝင်ပတ်သက်ပေးဆပ်နေဆဲသူတွေလည်း ဒုတိယအရွယ်၊ ဒုတိယအရွယ်လွန် တတိယအရွယ်ရောက်ကုန်ပြီပေါ့။ လျှောက်ခဲ့တဲ့ခရီးက "၈.၈.၈၈" ကရေတွက်ရင်တောင် လပေါင်းသုံးရာသုံးဆယ့်ခြောက်။ ရက်ပေါင်းတသောင်းကျော်။ အမေ၏ ညနေခင်းများလည်း ပြီးပြည့်စုံခြင်း မရှိသေး။

သားပြန်လာရာလမ်းကိုမျှော်နေတဲ့ အမေရဲ့ ညနေခင်းများ (၈.၈.၈၈မှ ၈.၈. ၂၀၁၆) ထိ ရက်ပေါင်း တသောင်းနှစ်ရာနှစ်ဆယ့်ခုနှစ်ရက်) လည်းမရပ်တံ့သေး။ အမေကတော့ ပြန်မလာနိုင်တဲ့ သားကိုရော၊ ပြန်လာနိုင်တဲ့သားကိုရော မျှော်နေဆဲ။

စံနစ်တခုကြောင့် ၊ စံနစ်တခုအတွက် အမေ့အိမ်မှ ပြန့်ကျဲစွာထွက်ခွာခဲ့ရတဲ့ သားတွေလည်း ဂုဏ်သိက္ခာရှိစွာ အိမ်မရောက်နိုင်သေး။

ကမ္ဘာအနှံ့ပြန့်ကျဲနေတဲ့အမေ့သားတွေ (ကဝိအိုတွေ၊ နိုင်ငံ့အရေးအတွက် နှစ်ပေါင်းများစွာ "တောဖြတ်၊ ထောင်ဖြတ်"ခဲ့ရသူတွေ ၊ အတွေးရောအလုပ်ရောအမိမြေအတွက်ပေးဆပ်နေသူတွေ) စံနစ်တခုကိုရောက်ဖို့ရောက်ရာအရပ်မှာ (တချို့လဲ ခံယူချက်န ့်အမိမြေနယ်စပ်ကမခွာပဲ) ကျရာတာဝန်ကို ဆယ်စုနှစ်သုံးစုနီးပါး ("၈၈"က စတွက်ရင် ၂၈နှစ်ကြာ) ထမ်းဆောင်ခဲ့တဲ့ အမေ့သားတွေရဲ့ အိမ်ပြန်လမ်းဟာ ချောမွေ့ခြင်းမရှိသေး။

ကျမတို့ရဲ့ "၈၈ ကျောင်းသား" ထဲကတယောက်၊ အမြဲ ပိုက်ဆံမရှိသော(အများ၏ တူညီသော မှတ်ချက်)၊ ကဗျာကဝိအို(ဆရာကြီး ဦးတင်မိုး) ကို ကာလ ရှည်စွာပြုစုခဲ့သော၊ အကြောင်းအရာတခုကိုစိတ်ဝင်တစား၊ စီကာပတ်ကုံးပြောတတ်သော၊ အမြဲတက်ကြွလန်းဆန်းနေသော ကိုမိုးသီး တယောက်လည်း အမေ့အိမ်ရောက်ဖို့ သံရုံး ၊ တရုံးဝင် တရုံးထွက် ပြည်ဝင်ခွင့်လျှောက်လို့ပေါ့။

အမေကတော့ သားလာမယ့်လမ်းကိုကြည့်ပြီး မျှော်နေလေရဲ့။ တွေ့တဲ့လူတိုင်းကိုလည်း သူ့သားနဲ့တူလို့တဲ့။ ၂၀၁၃အိမ်ပြန်တုန်းကသတင်းသမားတွေက "ကိုမိုးသီး နိုင်ငံရေးဆက်လုပ်မလား " မေးရင် အမေက " နိုင်ငံရေးမလုပ်ခိုင်းတော့ဘူး ၊ အိမ်အလုပ်တွေ ခိုင်းစရာရှိသေးတယ်" တဲ့။

အပြင်လမ်းလျှောက်ထွက်လို့ နှုတ်ဆက်သူတွေများလာရင် "နင့်အသိတွေများလိုက်တာ၊ ပြန်ကြမယ်" တဲ့။

"နင့်မိုးသီးဇွန် နာမည်ကိုပြောင်းလိုက်၊ မျိုးသန်းထွဋ်ပဲကောင်းတယ်" တဲ့။

အိပ်ခန်းတံခါးပိတ်အိပ်ရင်လဲ တံခါးကိုတဒုံးဒုံးထုပြီး "နင်တခုခုဖြစ်ရင် ငါတို့လုပ်ပေးလို့မရဘူး ၊ တံခါးဖွင့်အိပ်" တဲ့။ တစ်ညတော့ ချွေးတွေနဲ့ရွှဲပြီး နိုးလာတာ (သူ့အပေါ်မှာ စောင်အထပ်ထပ် ခြုံပေးထားတာတဲ့)

"အမေသနားပါတယ်ဗျာ၊ တချိန်က သိပ်ထက်ခဲ့တာ "

အမေ၊ အမေပီသတဲ့အမေ၊ သူ့ရင်ခွင်ထဲက သား မျိုးသန်းထွဋ်ကို တချိန်လုံးသတိရနေတဲ့အမေ။

(မိုးသီးဇွန်နာမည်နဲ့ နိုင်ငံ့အရေးလုပ်တဲ့၊ ကမ္ဘာကျော်တက္ကသိုလ်က မဟာဘွဲ့ယူထားတဲ့ သားအတွက် ဂုဏ်ယူမှာပါ)

ရက်ပေါင်းတသောင်းနီးပါး၊ လပေါင်း သုံးရာနှစ်ဆယ်ကျော် သားကိုမျှော်ခဲ့၊
စိုးရိမ်စိတ်တွေနဲ့နေခဲ့ရတဲ့အမေ၊

၂၀၁၃ အိမ်ပြန်အရောက်မှာ သားရဲ့နောက်ကိုအရိပ်လိုလိုက်ရင်း ပျော်ခဲ့တဲ့အမေ ( ထမင်းစားရင်လဲ ထမင်းထပ်ထည့်ပေးဖို့ အဆင်သင့်၊ ရေချိုးရင်လဲ မျက်နှာသုတ်ပုဝါကိုင်ပြီး စောင့်နေ)

သားအသိတွေနဲ့ စည်ကားနေတဲ့အိမ်ကို သဘောကျပျော်နေခဲ့တဲ့အမေ၊ အခုတော့ တွေ့တဲ့လူတိုင်းဟာ သူ့သားနဲ့တူလို့ပေါ့။

သားကိုစောင်ခြုံပေးဖို့အထမှာ ဟင်းလင်းဖြစ်နေတဲ့ သားရဲ့အခန်းကိုကြည့်ပြီး ပြန်အိပ်မရတဲ့ညတွေ ဘယ်လောက်များနေပြီလဲ။ တိတ်ဆိတ်နေတဲ့အိမ်ထဲကနေ သားအိမ်ပြန်လမ်းကို ကြည့်နေတဲ့အမေ။

သားအိမ်ပြန်လမ်းကိုကြည့်ရင်း မျှော်နေရှာတဲ့အမေရဲ့ ညနေခင်းတွေ ဘယ်တော့ပြီးပြည့်စုံပါ့မလဲ။

မြန်မာပြည်သူတွေက အမေလို့ခေါ်နေပြီဖြစ်တဲ့ ရှစ်လေးလုံးအရေးတော်ပုံ (၈.၈.၈၈) မှာရလိုက်တဲ့ ကျမတို့ရဲ့ခေါင်းဆောင်၊ ကမ္ဘာ့ခေါင်းဆောင်တွေက လေးစား နေရာပေးရလောက်အောင် ထိုက်တန်စွာဘဲ ကမ္ဘာ့အလည်မှာ ထည်ဝါ နေသော၊ လက်မလည်အောင် အလုပ်များနေသော၊
ကျမတို့ရဲ့ခေါင်းဆောင်လည်း သားတွေ ဂုဏ်သိက္ခာရှိစွာ အိမ်ရောက်ရေးကို မျှော်နေမှာပါ။

၈၈ မှသည် ရက်ပေါင်း တသောင်းကျော် ၊ အမေဆန္ဒများ ပြီးပြည့်စုံခြင်း မရှိသေး၊ တက်ညီလက်ညီဖြင့် ဝိုင်းဝန်း ရှင်းပင်းကြရင်ဖြင့် အမြန်ဆုံး အမေ၏ ညနေခင်းများ ပြီးပြည့်စုံမှာပါ။

စနစ်တခုအတွက် ပေးဆပ်ခဲ့ရသူများ၊ ပေးဆပ်နေဆဲဖြစ်သူများကို ဦးညွှတ်အလေးပြုရင်း အမြန်ဆုံး အမေ့အိမ်ကို ဂုဏ်သိက္ခာရှိစွာ ပြန်နိုင်ရေးအတွက် ကျိုးစားလျှက်။

စီစီသွယ် (S/OKA -089818)
ခေတ္တ-အမေရိကန်ပြည်ထောင်စု

စာကြွင်း။ ။ ပြည်ပမှာ တရားဝင်နေထိုင်ခွင့်ရှိသူများက အမေ့အိမ်ပြန်ချိန်တွင် ခံဝန်ချက်မထိုးရရေး ကြိုးစားနေချိန်တွင် မိမိတို့၏ ခံယူချက်ကြောင့် အမိမြေ၏ နယ်စပ်များမှ မခွာသူများတွင် မည်သည့် တရားဝင်နေထိုင်ခွင့်ကဒ်များ မရှိ၍ မပြန်နိုင်ကြပါ။

ကဗျာကဝိအိုအား လအတန်ကြာ တွေ့ခွင့်ရခဲ့ပါသည် (မုန့်ဝေစားတတ်သော ကိုမိုးသီးဇွန် (တခါတခါ ထင်ရာမြင်ရာ ထရေးတတ်သော) နှင့် ဆရာကြီးအား ဖွယ်ဖွယ်ရာရာ ချက်ပြုတ် ဧည့်ခံခဲ့သော အနစ်နာခံစိတ်ရှိသော ကိုအောင်သူငြိမ်းတို့ကြောင့်)။